# ကြေးမုံ

The Mirror Daily

Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 22 October 2021 ၁၀၅၃၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုဇုန်ရှိ ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ဆီမီး ၂၀၀၀ ထွန်းညှိပူဇော်

**ညောင်ဦး အောက်တိုဘာ ၂၁**

ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုဇုန်ရှိ အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် ယနေ့ညနေ ၆ နာရီခွဲမှစတင်ပြီး ဆီမီး ၂၀၀၀ ထွန်းညှိပူဇော်ခဲ့ကြောင်း ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသန်းမြင့်ဦးထံမှ သိရသည်။

**ရိုးရာမပျက်ဆီမီးပူဇော်**

ပုဂံ-ညောင်ဦး ရွှေဟောင်းယဉ်ကျေးမှုဇုန်ရှိ အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီး၌ အခါကြီးရက်ကြီးများတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက နှစ်စဉ်နှစ်တိုင်း လာရောက်ဆီမီးပူဇော်လေ့ရှိရာ ယခုနှစ်တွင်လည်း ရိုးရာမပျက် ဆီမီးပူဇော်ကြကြောင်း၊ ယနေ့တွင် ရွှေစည်းခုံစေတီတော်ဂေါပကအဖွဲ့နှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဆီမီး ၂၀၀၀ ထွန်းညှိပူဇော်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် အလိုတော်ပြည့်ဘုရား၊ ဓမ္မရံကြီးဘုရား၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ သဗ္ဗညုဘုရား၊ အာနန္ဒာဘုရား၊ ရွှေဂူကြီးဘုရား၊ အင်ကြင်းဂူဘုရား၊ ဗူးဘုရား၊ ရွှေဆံတော်ဘုရား၊ ရှင်အဓ္ဓဂေါဏဘုရား၊ စူဠာမဏိဘုရား၊ ရွှာဟောင်းကြီးဘုရား၊ နဂါးရုံဘုရား၊ အပါယ်ရတနာဘုရား၊ စိုးမင်းကြီးဘုရား၊ ဆင်များရှင်ဘုရားနှင့် ဓမ္မရာဇကဘုရား၊ ထီးလိုမင်းလိုဘုရားတို့တွင် ဒေသခံပြည်သူများနှင့်


စာမျက်နှာ ၉ ကော်လံ ၁ သို့ ❂



**ကြေးမုံ ယနေ့ ဖတ်စရာ**

**ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးနှင့် ငွေကြေးအကျပ်အတည်းပြဿနာ**

စာ » ၆



**မနော်မြေမှ ကချင်သွေးချင်းတို့အတွက် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည့် လမ်းတံတားများ**

စာ » ၁၆




**အခန်းဆက် ဝတ္ထုရှည်**

စာ » ၂၃

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၃၈၀၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈၃ ဦး တွေ့ရှိ**

စာ » ၂၄

ကြေးမုံ

# အေးချမ်းသာယာဝပြောသည့် ပြည်ထောင်စုနိုင်ငံ

ပြည်သူများ လိုလားတောင့်တကြသည်မှာ တည်ငြိမ်အေးချမ်းနေသည့် ပုံမှန်ဘဝတွင် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်နိုင်ကြရေးဖြစ်သည်။ ယင်းအခြေအနေကို သီတင်းကျွတ်လပြည့်နေ့က နိုင်ငံတစ်ဝန်းတွင် ပြည်သူများစိတ်ချမ်းမြေ့စွာနေထိုင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ရပြီး ဤသို့ပုံမှန်ဘဝသို့ရောက်အောင် စည်းစည်းလုံးလုံးအေးချမ်းပျော်ရွှင်စွာ ဆက်လက်နေထိုင်ကြရန်လိုအပ်သည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူအများစုသည် တည်ငြိမ်အေးချမ်းပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင်လိုကြသူ အများစုဖြစ်သည်။ အမုန်းအာဃာတများနှင့် ပျက်စီးရာပျက်စီးကြောင်းပြုလုပ်သည့် အဖျက်သမားများသည် အနည်းစုသာဖြစ်သည်။ အနည်းစု၏ အဖျက်လက်နက်အမျိုးမျိုးဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများသည် အများစု ကိုယ်စိတ်နှလုံး ဆင်းရဲဒုက္ခရောက်ပြီး အနှောင့်အယှက်ဖြစ်ကြရသည်။ သို့သော် နိုင်ငံတကာအဖွဲ့အစည်းများသည် အများစု၏ဆန္ဒကို ပစ်ပယ်မျက်ကွယ်ပြုပြီး အနည်းစုဆန္ဒကို ဖြည့်ဆည်းကူညီပေးနေကြသည်။

"တိုင်းပြည်တစ်ခုဟာ နိုင်ငံရေးအယူအဆ သဘောမတူညီမှုကတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် အခုအခြေအနေမျိုးဖြစ်ပွားခဲ့ရာမှာ ကျွန်တော်တို့အနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကိုချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်၊ ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်တဲ့နေရာမှာ တိုင်းပြည်သာယာဝပြောရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံတဲ့နိုင်ငံ ပြည်ထောင်စုစစ်စစ်ဖြစ်လာရေးတို့အတွက်ဖြစ်ပါတယ်။ ဒါကြောင့် အေးအေးချမ်းချမ်းနဲ့ တိုင်းပြည်တစ်ခု ပြောင်းလဲစေချင်တဲ့ဆန္ဒရှိပါတယ်" ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာလ ၁၈ ရက်တွင် ပြည်သူလူထုသို့ ပြောကြားခဲ့သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောရေးနှင့် စစ်မှန်သည့် ဒီမိုကရေစီဖော်ဆောင်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတွင် တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အုပ်စုဖြစ်သည့် CRPH နှင့် NUG တို့၏ သွေးထိုးလှုံ့ဆော်ပေးမှုများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်ခဲ့သည့်အတွက် ပြစ်ဒဏ်ကျခံနေရသူများနှင့် အမှုစစ်ဆေးဆဲသူများမှ သင့်လျော်သူများအား သီတင်းကျွတ်ကာလတွင် စိတ်ချမ်းမြေ့စွာ ကုသိုလ်ကောင်းမှုပြုနိုင်ရန် လွတ်ငြိမ်းချမ်းသာခွင့်များ ပြုလုပ်ပေးခဲ့သည်။ အေးချမ်းစွာနေလိုကြသော ပြည်သူအများစုမှာလည်း ဤသီတင်းကျွတ်အခါကာလတွင် ကောင်းမှုကုသိုလ်များပြုလုပ်၍ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လျက်ရှိကြသည်။

ဤပကတိအရှိတရား၊ အမှန်တရားတို့ကို နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မှန်မှန်ကန်ကန် ရှုမြင်နိုင်ခြင်းမရှိပေ။ အမှန်တရားသည် အေးချမ်းစွာရပ်တည်နေသော်လည်း မမှန်တရားများသည် ကမ္ဘာတစ်ပတ်ပတ်ကာ အမျိုးမျိုးအဖုံဖုံ နှောင့်ယှက်ဖျက်ဆီးနေသည်။ ပကတိအရှိတရားနှင့် အမှန်တရားကို လိုလားသူများက မည်သူ့ကိုမျှ မလိုမုန်းထား နှောင့်ယှက်ဟန့်တားခြင်းမရှိဘဲ ရိုးရိုးသားသား အေးအေးချမ်းချမ်းနေထိုင်နေကြသော်လည်း အမုန်းတရား၊ အာဃာတများဖြင့် တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်လိုသူများနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်ကို တစိုက်မတ်မတ်ဦးတည်ထားပြီး ဖိအားအမျိုးမျိုးပေး၍ ဖျက်လိုဖျက်ဆီးလုပ်သူများက တိုင်းပြည်အလုံးစုံပျက်စီးရေး ဟန့်တားနှောင့်ယှက် ဖိအားပေးမှုများကိုသာ ပြုလုပ်လျက်ရှိသည်။ အေးချမ်းစွာနေထိုင်လိုကြသော ပြည်သူများ၏ အကျိုးစီးပွားကို အလေးမထား၊ အကြမ်းဖက်ဖျက်ဆီး၊ လုယက်၊ သတ်ဖြတ်သူများကို မဟန့်တား၊ မထိန်းသိမ်း၊ ပြစ်တင်ပြောဆိုခြင်းမရှိဘဲ မြန်မာနိုင်ငံအပေါ်တွင်သာ ဦးတည်ပစ်မှတ်ထားနေသည်မှာ ရိုးသားခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံသည် သမိုင်းအစဉ်အဆက် မိမိနိုင်ငံ၏ တည်ထွန်းနေသော အခြေခံကောင်းများဖြင့် ဂုဏ်တင့်တယ်စွာနေထိုင်ခဲ့သော တိုင်းပြည်ဖြစ်သည်။ ဒေသတွင်း၌လည်း မျက်နှာမငယ်သည့် ကိုယ်ပိုင်အစွမ်းအစများရှိထားပြီးဖြစ်သည်။ ပြည်ထောင်စုအတွင်း ဖြစ်ထွန်းနေသော ရေမြေသဘာဝ အနေအထားများဖြင့် မပူပင်မကြောင့်ကြဘဲ နေထိုင်နိုင်သော နိုင်ငံဖြစ်သည်။ အဓိကလိုအပ်ချက်မှာ စည်းလုံးညီညွတ်ရေးဖြစ်သည်။ မလိုမုန်းထား အာဃာတထားသည့် သဘောထားကွဲလွဲသူများကို ဘေးဖယ်ထား၍ ကျန်သောတိုင်းရင်းသားပြည်သူလူထုအများစုအနေဖြင့် စည်းစည်းလုံးလုံးညီညီညွတ်ညွတ် အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင် နေထိုင်နိုင်ကြပါလျှင် မည်သည့်နှောင့်ယှက်ဟန့်တားမှုများနှင့် ဖိအားပေးမှုများကို မှုနိုင်စရာအကြောင်းရှိမည်မဟုတ်ပေ။

သို့ဖြစ်ရာ မြန်မာနိုင်ငံအပေါ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း၌လည်းကောင်း မည်သို့ပင် နှောင့်ယှက်ဖျက်ဆီး ဖိအားပေးဟန့်တားမှုများရှိနေသော်လည်း စည်းလုံးညီညွတ်စွာဖြင့် လက်တွဲနေထိုင် ဆောင်ရွက်နိုင်ပါလျှင် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအများစုအတွက် ရည်မှန်းဆောင်ရွက်နေသည့် တိုင်းပြည်သာယာဝပြောရေးနှင့် ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့်နိုင်ငံ ပြည်ထောင်စုစစ်စစ် ပေါ်ထွန်းလာမည်မှာ သေချာပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီတစ်ခုမှ ယာဉ်စီးရေ သုံးစီးဖြင့် နှာခေါင်းစည်း ၁၈ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce. gov. mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ပေါက်ဈေးများ

(၂၁-၁၀-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 2 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 3 | Injection - Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 4 | Injection - Ceftriazone 1G | 1's | 700 | KCL |
| 5 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 6 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 7 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 8 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 9 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 10 | Injection- Dexamethasone | Vial | 160 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။



## ကိုဗစ်-၁၉ ရောဂါကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီ ငါးခုတို့မှ နှာခေါင်းစည်း ၁၈၆၁၇ ကီလိုဂရမ်၊ Disposable Cap ကီလိုဂရမ် ၁၃၆၀၊ အောက်ဆီဂျင်ထုတ်သည့်စက်ငါးခု၊ ဆေးထိုးအပ် ၂၈၁၇၆ ခု၊ မျက်နှာကာ ကီလိုဂရမ် ၆၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၁**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | | | |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ |
| | | | သုတေသန | - | ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - | ဦးနိုင်လင်းကြည်၊ | စာပြင် | - | ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| စာတည်းများ | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - | ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လို

ဖေဖော်ဝါရီ ၁ ရက်နေ့ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ပြီး ဥပဒေပြင်ပသို့ရောက်ရှိသွားသည့် နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ထိုကဲ့သို့ ဆောင်ရွက်ခြင်းများ မပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် မိမိတို့၏သဘောထားများအား ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လက်ရှိဥပဒေအတွင်း တာဝန်ထမ်းဆောင်နေသည့် အစိုးရဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စီမံအုပ်ချုပ်မှုအောက်တွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများအားလုံးအား ဆန္ဒမဲပေးပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရ လွတ်လပ်ခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

# (၁၆) ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

## အာဆီယံဒေသတွင်း သဘာဝသယံဇာတနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုကို ကာကွယ်တားဆီးရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီး




**နေပြည်တော် အောက်တိုဘာ ၂၁**

(၁၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (16th ASEAN Ministerial Meeting on Environment – 16th AMME and Related Meetings) ကို ယနေ့နံနက် ၈ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် (၁၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေး အလှည့်ကျသဘာပတိ အင်ဒိုနီးရှားနိုင်ငံမှ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများက နိုင်ငံအလိုက် ဆွေးနွေးပြောကြားကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက “One vision, One identity, One community” ဟူသော အာဆီယံအသိုက်အဝန်း ၂၀၂၅ မျှော်မှန်းချက်များနှင့်အတူ အောင်မြင်မှုသမိုင်းမှတ်တိုင်အနေဖြင့် ရေရှည်လက်တွဲဆောင်ရွက်မှုကို အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ စက်မှုလုပ်ငန်းများနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများ၊ ရာသီဥတုပြောင်းလဲမှုများသည် စိန်ခေါ်မှုဖြစ်ပြီး ရှင်သန်နေထိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကိုပါ ထိခိုက်စေပါကြောင်း၊ အာဆီယံဒေသတွင်း ထူးခြားသော ဂေဟစနစ်များနှင့် လူနေမှုစနစ်မြင့်မားလာစေရန်အတွက် သစ်တောများ၊ ဒေသမျိုးရင်း အပင်များနှင့် တိရစ္ဆာန်များ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စိမ့်မြေများနှင့် အဏ္ဏဝါအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်ပြီး အဆိုပါသဘာဝသယံဇာတနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုကို ကာကွယ်တားဆီးရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးပါကြောင်း၊ ဒေသတွင်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊ သန့်ရှင်း၍ စိမ်းလန်းသော အာဆီယံဟူသည့် အာဆီယံ မျှော်မှန်းချက်အား ရရှိစေရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသောအခန်းကဏ္ဍတစ်ရပ် ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးသည် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် နယ်ပယ်သစ်များ ဖော်ထုတ်နိုင်မည့် မဟာဗျူဟာမြောက် ပလက်ဖောင်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုသည် မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သဖြင့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာ၊ အမျိုးသားအဆင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစီမံချက်နှင့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာများ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ကို အထောက်အကူပြုသည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေးချဉ်းကပ်မှုသည် ဒေသတွင်း ကိုဗစ်-၁၉ အလွန် ပြန်လည်ထူထောင်ရေးဆိုင်ရာ အခွင့်အလမ်းကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း၌ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပိုမိုနီးကပ်စွာအလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးအစီအစဉ်အရ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအဖွဲ့၏ အလှည့်ကျသဘာပတိအဖြစ် မြန်မာနိုင်ငံမှ တာဝန်ရှိသူများက ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ပင်လယ်ကမ်းရိုးတန်းထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောမြို့ကြီးများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ ပတ်ဝန်းကျင်ဆိုင်ရာပညာပေးရေး၊ ထုတ်လုပ်မှုနှင့် စားသုံးမှုကိစ္စရပ်များဆိုင်ရာ အစီရင်ခံစာများနှင့် ရလဒ်များအား တင်ပြခြင်း၊ အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်၊ အာဆီယံ-တရုတ် အစိမ်းရောင်နှင့် ရေရှည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ပူးတွဲကြေညာချက်၊ ဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံပူးတွဲကြေညာချက်၊ အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ပူးတွဲကြေညာချက်၊ ပလတ်စတစ် ညစ်ညမ်းမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုအစီအစဉ်၊ အာဆီယံဒေသတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာ တင်သွင်းခြင်းနှင့် ရေရှည်တည်တံ့သောစားသုံးမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ သဘောတူညီချက်တို့ကို အတည်ပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၅)ကြိမ်မြောက် ပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးသော မြို့ကြီးများဆု (Environmentally Sustainable Cities Award– ESC Award) ချီးမြှင့်ခြင်း အစီအစဉ်ကိုတက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံအလိုက် ဆုချီးမြှင့်ခဲ့ရာတွင် မြန်မာနိုင်ငံမှ “ညောင်ဦးမြို့”က အဆိုပါဆုကို ရရှိခဲ့သည်။

(၁၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၊ အာဆီယံ+၃ ဝန်ကြီးအဆင့် အစည်းအဝေးများကို အောက်တိုဘာ ၂၂ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၉၅ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား လေးဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ကိုးဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်း ရရှိရန် မျှော်လင့်ထား





**နေပြည်တော် အောက်တိုဘာ ၂၁**

အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့်ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ Virtual စနစ်ဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

အစည်းအဝေး၏ နံနက်ပိုင်း Informal Session တွင် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး (AMRO)နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)တို့မှ တာဝန်ရှိသူများက ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အာရှဒေသ စီးပွားရေးအခြေအနေများကို ခြုံငုံသုံးသပ်တင်ပြကြသည်။

**ဆွေးနွေးတင်ပြ**

ယင်းသို့တင်ပြရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးကို ဆက်လက်ထိခိုက်စေလျက်ရှိကြောင်း၊ ထုတ်လုပ်မှုကွင်းဆက်ယာယီပြတ်တောက်ခြင်းများကြောင့် ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လျက်ရှိကြောင်း၊ ထို့ပြင် အစားအစာနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းကလည်း ငွေကြေးဖောင်းပွမှုနှုန်းကို မြင့်တက်စေလျက်ရှိကြောင်း၊ ယင်းအကျိုးဆက်များကြောင့် ပြည်သူ့ကြွေးမြီနှင့် ပုဂ္ဂလိကကြွေးမြီများသည်လည်း သိသိသာသာ မြင့်တက်လာလျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံခြင်းကို နိုင်ငံအသီးသီးတွင် စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ကပ်ရောဂါသည် စီးပွားရေးပြန်လည်ဦးမော့လာရေး ကြိုးပမ်းမှုများကို တုံ့နှေးစေလျက်ရှိကြောင်း၊ ကာကွယ်ဆေးထိုးနှံနိုင်ခြင်းသည် စီးပွားရေး ပြန်လည်ဦးမော့လာမှုအတွက် အဓိကအရေးပါလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအပြင် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မှု၊ Cyber attacks နှင့် geopolitics များသည်လည်း စိန်ခေါ်မှုများ အဖြစ်ဆက်လက်တည်ရှိနေကြောင်း၊ သို့ဖြစ်ရာ နိုင်ငံအလိုက် စီးပွားရေးပြန်လည်ဦးမော့လာရေး ကြိုးပမ်းမှုများကို သင့်လျော်သောမူဝါဒ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခြားနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ၏ စီးပွားရေးသည်လည်း ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့ရပါကြောင်း၊ ကမ္ဘာ့ဘဏ်၊ IMF, ADB နှင့် AMRO တို့၏ Macroeconomic Outlook Reports များတွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းသည် သိသိသာသာ ကျဆင်းခဲ့သည်ကို ဖော်ပြထားပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စီးပွားရေးတိုးတက်မှုနှုန်းကို ၃ ဒသမ ၈ ရာခိုင်နှုန်း ရရှိရန် မျှော်လင့်ထားပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်မှုနှင့် ကာကွယ်ဆေးထိုးနှံမှု ဆောင်ရွက်ချက်များအဖြစ် နိုင်ငံတွင်း ကာကွယ်ဆေးထိုးနှံခြင်းအစီအစဉ်ကို ဦးစားပေး အုပ်စုများအလိုက် ထိုးနှံပေးလျက်ရှိကြောင်း၊ ယင်းသို့ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များကြောင့် ယခုနှစ်ကုန်တွင် ကာကွယ် ဆေးထိုးခွင့်ရှိသူအားလုံး၏ ထက်ဝက် ၅၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် COVID-19 Economic Relief Plan (CERP) ကို ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် စတင်ဆောင် ရွက်ခဲ့ပြီး၊ ယခု အခါ Myanmar Economic Recovery Plan (MERP) ကို ချမှတ်ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိပါကြောင်း၊ CERP နှင့် MERP တို့တွင် Stimulus Package များအဖြစ် ဝင်ငွေနည်း ပြည်သူများအတွက် ထောက်ပံ့မှုများ၊ ပြည်သူ့ကျန်းမာရေးစနစ်တိုးချဲ့ ဆောင်ရွက်မှုများ၊ ကာကွယ်ဆေးဝယ်ယူမှုများ၊ Quarantine Centres များသို့ ပံ့ပိုးမှုများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုအများဆုံးခံခဲ့ရသည့် စီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်းသက်သာသော ချေးငွေများ ထုတ်ချေးမည့်အစီအစဉ်များ ပါဝင်ပါကြောင်း။

မြန်မာနိုင်ငံသည် လက်ရှိတွင် အရေးပေါ်ကာလကို ဖြတ်သန်းလျက်ရှိပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး၊ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးကိုလည်း စီးပွားရေး ဦးတည်ချက်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ IMF မှတင်ပြသည့် မူဝါဒဆိုင်ရာ အကြံပြုချက်များ၊ AMRO မှ တင်ပြသည့် အဓိကဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ ADB မှ တင်ပြသည့် အာရှဒေသ လယ်ယာစိုက်ပျိုးရေးစနစ် အသွင်ပြောင်းဆောင်ရွက်သင့်သည့် မူဝါဒများအတွက် ကျေးဇူးတင်ရှိကြောင်း၊ အဆိုပါအကြံပြုမူဝါဒနှင့် နည်းလမ်းများသည် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးကြိုးပမ်းဆောင်ရွက်မှုများတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင်ကျင်းပသည့် အစည်းအဝေး Formal Session တွင် အာဆီယံ+၃ နိုင်ငံများ၏ မူဝါဒရေးရာကိစ္စရပ်များနှင့် အကောင်အထည်ဖော်မှု၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံမှ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးခဲ့သည်။

ယခုကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ဧပြီလတွင် ကျင်းပမည့် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေးကျင်းပ

## အာဆီယံ + ၃ နိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုမှာ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၀ ရာခိုင်နှုန်း ရရှိရန်မျှော်မှန်းထား

**နေပြည်တော် အောက်တိုဘာ ၂၁**

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး (AFCDM+3) ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ တက်ရောက်သည်။



**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဦးစွာ ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်း မေခရိုစီးပွားရေးအလားအလာ (Global and Regional Macroeconomic Outlook) နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)မှ “World and Asia Economic Developments” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (AMRO) မှ “Transitioning Smoothly from Pandemic to Endemic New Normal” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)မှ “Transforming Agriculture in Asia” ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးတင်ပြခဲ့ကြပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများက အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ အာဆီယံ+၃ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ချင်းမိုင်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chaing-Mai Initiative Multilateralization-CMIM) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ရည်ညွှန်းအတိုးနှုန်းအသစ်သတ်မှတ်ခြင်း၊ ပြည်တွင်းသုံးငွေကြေးထည့်ဝင်မှု၊ စီးပွားရေးဆိုင်ရာ ဘဏ္ဍာငွေဖြည့်ဆည်းမှုအစီအစဉ်နှင့် နည်းပညာပံ့ပိုးမှုအစီအစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office - AMRO) ၏ ၂၀၂၂ ခုနှစ် အတွက် လုပ်ငန်းအစီအစဉ်၊ ဘတ်ဂျက်နှင့် ဝန်ထမ်းခန့်ထားရေးဆိုင်ရာကိစ္စရပ်များ၊ ကာလလတ် အကောင်အထည်ဖော်မှု အစီအစဉ် (၂၀၂၂-၂၀၂၆)နှင့် AMRO ၏ စီမံခန့်ခွဲမှုအဆင့်ရာထူးရွေးချယ်မှု အစီ အစဉ်၊ အာဆီယံ +၃ အနာဂတ် ဦးစားပေးအစီအစဉ်များ (ASEAN+3 Future Initiatives) နှင့် အာရှငွေချေး စာချုပ်ဈေးကွက်အစီအစဉ် (Asia Bond Markets Initiatives) တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**နီးကပ်စွာစောင့်ကြည့်ရန်လို**

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဒုတိယအကြီးအကဲများက CMIM Reference Rate အတွက် LIBOR နေရာတွင် အစားထိုး အသုံးပြုရန် US Treasury Repo Rate တွင် အသုံးပြုသည့် Overnight Transaction Rate ဖြစ်သည့် Secured Overnight Financing Rate (SOFR) ကိုအသုံးပြုရန် ဆွေးနွေးကြသည်။ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးရာတွင် ကမ္ဘာတစ်ဝန်း ငွေကြေးဖောင်းပွမှုနှုန်းများ မြင့်တက်နေသော်လည်း ဂျပန်၊ တရုတ်နိုင်ငံများတွင် ထိန်းသိမ်းနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ မူဝါဒဆိုင်ရာအကြံပြုချက် (Policy recommendation) အနေဖြင့် အဆင်သင့်ဖြစ်နေသည့် နယ်ပယ်များကို ဦးစားပေးအဖြစ် သတ်မှတ်ပြီးနောက် ယင်းတို့အတွက် ဥပဒေများ ပြဋ္ဌာန်းပေးသင့်ပါကြောင်းနှင့် ကာလလတ်ဘဏ္ဍာရေးမူဘောင် (Medium term Fiscal Framework) ရရှိရန် ငွေကြေးမူဝါဒ (Monetary Policy) အနေဖြင့် ဆက်လက် ပံ့ပိုးပေးရန်ဖြစ်ပါကြောင်း၊ သို့ရာတွင် ငွေကြေးဖောင်းပွမှုကို နီးကပ်စွာစောင့်ကြည့်ရန်လိုပါကြောင်း၊ အာဆီယံ + ၃ နိုင်ငံများ၏ ဂျီဒီပီတိုးတက်မှုမှာ ၂၀၂၁ ခုနှစ်တွင် ၆ ဒသမ ၁ ရာခိုင်နှုန်းနှင့် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၀ ရာခိုင်နှုန်းရရှိရန် မျှော်မှန်းထားပါကြောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်တော်ကြီးစေတီတော် ဘုံအဆင့်ထီးတော်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော်ဝင်းအတွင်းရှိ နောင်တော်ကြီးစေတီတော် ဘုံအဆင့် ထီးတော်တင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်၌ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ ဆုတောင်းပြည့်မယ်လမုစေတီတော် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းရှင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက တင်လှူပူဇော်မည့် ထီးတော် မြတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

**တင်လှူပူဇော်**

ထို့နောက် ထီးတော်တင်မင်္ဂလာအခမ်းအနားတွင် ပါဝင်ဆောင်ရွက်မည့် စေတီတော်ဝန်ထမ်းများက သတ်မှတ်ထားသည့် ဘုံအဆင့်ဆင့်တို့တွင် နေရာယူကြကာ ပရိသတ်များက ရတနာသုံးပါး ဂုဏ်တော်ကို အာရုံပြုလျက် ထီးတော်မြတ်အား



အလှူရှင်များ၊ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ဆင့်ကမ်းပင့်ဆောင်ကာ နောင်တော်ကြီးစေတီတော် ဘုံအဆင့်သို့ တင်လှူပူဇော်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

ကိုကိုဇော်(MNA)

# 2021 East Asia Summit New Energy Forum တွင် မြန်မာနိုင်ငံက ပါဝင်ဆွေးနွေးခဲ့



**ပြင်ဦးလွင် အောက်တိုဘာ ၂၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ယနေ့နံနက် ၉ နာရီတွင် 2021 East Asia Summit New Energy Forum ကို ရှန်ဟိုင်းမြို့၌ကျင်းပရာ မြန်မာနိုင်ငံကိုယ်စားလှယ်အနေဖြင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ရတနာပုံဆိုင်ဘာစီးတီး) ခေတ္တပါမောက္ခချုပ် ဒေါက်တာအောင်ဇေယျက Online Zoom ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ကိုရီးယားသမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဩစတြေးလျနေသဟာယနိုင်ငံ၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများ စုစုပေါင်း နိုင်ငံပေါင်း ၁၈ နိုင်ငံမှ Online၊ Offline တို့ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ အဖွဲ့အစည်းပေါင်း ၅၀ ခန့်ရှိ အဆင့်မြင့်ပညာရှင်များက ခေါင်းစဉ်ပေါင်း ၃၀ ကို ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ က R & D Commercialization of New Energy Techonologies Panel Discussion တွင် ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ကျင်းပခဲ့သည့်ဖိုရမ်မှာ စွမ်းအင်သစ်ဖွံ့ဖြိုးမှုနှင့် ဒေသတွင်း သန့်ရှင်းစွမ်းအင်များ အသုံးချမှုမြှင့်တင်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ဆွေးနွေးပွဲတွင် ရာသီဥတုပုံသဏ္ဌာန်မမှန်သည့် ပြောင်းလဲမှုများလျှော့ချနိုင်ရေး၊ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းပေါ်ပေါက်ရေး၊ Sustainable Future ကို ပုံဖော်တည်ဆောက်ကြမည် ဆိုသည့်အချက်များကို အဓိကဆွေးနွေးကြသည်။

ဖိုရမ်သို့ တက်ရောက်ဆွေးနွေးခြင်းအတွက် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်သစ်နည်းပညာဆိုင်ရာ သုတေသနအတွေ့အကြုံများကို နှီးနှောဖလှယ်ခွင့်ရရှိပြီး သုတေသနအတွေးအမြင်များ ပိုမိုကျယ်ပြန့်ကာ နိုင်ငံတော်၏စွမ်းအင်ကဏ္ဍ တိုးတက်စေရန် လက်တွေ့ကျကျ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## စာတတ်ပြီး စာမဖတ်သော မိတ်ဆွေသို့

❖ စာအုပ်တွေကြားမှာနေ
စာပေဆိုသူမသိ၊
"ခြ"ကောင်လို သည်လူစား
သနားပါဘိ။

❖ စာအုပ်တွေကြားမှာနေ
စာပေကိုသူမသိ၊
"ပိုးဟပ်"လို သည်လူစား
သနားပါဘိ။

❖ စာတတ်ပေမယ့်
စာမဖတ်စာမနာတော့
ယောင်ချာချာဖြစ်လို့နေ
စာပေ၏တန်ဖိုး
စိုးစိမျှသူမသိ၊
စာအုပ်စာပေနဲ့
အနီးနေ အနေဝေးတယ်
ရင်လေးပါဘိ။

❖ အလိမ္မာစာမှာရှိတယ်လို့
ကဝိရယ်အထိုထို
မိန့်မြွက်ပြောဆို၊
ပိုးဟပ်နဲ့ ခြကောင်လို
အပြစ်ကိုရှောင်ရှား၊
အမှားအမှန်မြင်ဖို့
အသိနဲ့ သတိယှဉ်
ဆင်ခြင်ဉာဏ်အစဉ်ပွားကာ
(ရောင်းရင်းရေ) စာဖတ်ပါလား။

သန်းမြင့်ညိမ်း(ပုသိမ်)

# အောက်တိုဘာလ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်း ရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင်တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် သုံးပေမှ ခုနစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့တွင် တစ်ပေခွဲခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်၊ ကုလားတန်မြစ်ရေသည် ကျောက်တော်မြို့တွင် ပေဝက်ခန့်နှင့် လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးနှင့် ငွေကြေးအကျပ်အတည်းပြဿနာ

မေယု-မျိုးအောင် (MANA)

ကမ္ဘာ့စီးပွားရေးပျက်ကပ်ကြီးမှာ တစ်ကမ္ဘာလုံး စီးပွားရေးကျဆင်းခဲ့သောအချိန်ဖြစ်ပြီး ခေတ်သစ်သမိုင်းတွင် အကြီးကျယ်ဆုံးနှင့်အရေးပါဆုံး စီးပွားရေးကျဆင်းမှုဖြစ်ကာ ၂၁ ရာစုတွင်ကမ္ဘာ၏စီးပွားရေး မည်ရွေ့မည်မျှအထိ ကျဆင်းနိုင်သည်ကို သတ်မှတ်သော စံတစ်ခုဖြစ်လာသည်။ ကမ္ဘာ့စီးပွားပျက်ကပ်ကြီးသည် အမေရိကန်နိုင်ငံမှ စတင်ခဲ့ပြီး သမိုင်းပညာရှင်တို့က အမည်းရောင်အင်္ဂါနေ့ဟု သိကြသော ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၉ ရက် စတော့ဈေးကွက်ပြိုလဲသည့်နေ့ကို စတင်သည့်နေ့အဖြစ် ရည်ညွှန်းလေ့ရှိကြသည်။

### နိုင်ငံတကာကုန်သွယ်ရေးကို ထိခိုက်

ငွေတန်ဖိုးနိမ့်ကျသွားခြင်းသည် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ်တွင် အလွန်ဆိုးရွားသော ဆိုးကျိုးများကို ဖြစ်စေသည်။ နိုင်ငံတကာကုန်သွယ်ရေးကို အကြီးအကျယ်ထိခိုက်စေပြီး လူတစ်ဦးချင်းဝင်ငွေ၊ အမြတ်ခွန်၊ ဈေးနှုန်းနှင့်အမြတ်အစွန်းတို့အပေါ်တွင်လည်း ထိခိုက်မှုကြီးမားသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ မြို့တော်များမှာ အလွန်ပင်ထိခိုက်ကြပြီး အကြီးစားလုပ်ငန်းများအပေါ်တွင် မှီခိုနေသော မြို့ပြများမှာ အဆိုးရွားဆုံးဖြစ်သည်။ နိုင်ငံအများအပြားတွင် ဆောက်လုပ်ရေးလုပ်ငန်းများကို လုံးဝနီးပါးရပ်ထားရသည်။ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသတို့တွင်လည်း သီးနှံဈေးနှုန်းများ ရာခိုင်နှုန်း ၄၀ မှ ရာခိုင်နှုန်း ၆၀ အထိ ကျဆင်းသဖြင့် အလွန်ထိခိုက်စေသည်။ ဖောက်ထိုးဆင်းလာသော ဝယ်လိုအားနှင့် အပြောင်းအလဲအဖြစ်လုပ်နိုင်သော အလုပ်အနည်းငယ်သာရှိသဖြင့် အခြေခံလူသုံးကုန်ပစ္စည်းထုတ် လုပ်ငန်းများဖြစ်သော လယ်စိုက်ခြင်း၊ သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ငန်းနယ်ပယ်များမှာ အခံရဆုံးဖြစ်သည်။

၁၉၂၉ ခုနှစ် စက်တင်ဘာလ စတော့ဈေးကွက်သည် အမြင့်ဆုံးအချိန်ထက် ရာခိုင်နှုန်း ၃၀မျှ လျော့နည်းနေခဲ့သေးသည်။ ၁၉၃၀ ပြည့်နှစ် ပထမနှစ်ဝက်တွင် အစိုးရများနှင့်စီးပွားရေးလုပ်ငန်းများသည် လွန်ခဲ့သောနှစ် ထိုအချိန်က သုံးစွဲသည်ထက်ပင် ပို၍သုံးစွဲခဲ့ကြသေးသည်။ လွန်ခဲ့သောနှစ်က စတော့ဈေးကွက်တွင် အလွန်ရှုံးထားသောသူ အများအပြားပါဝင်သော စားသုံးသူများသည် သူတို့၏ အသုံးစရိတ်ကို ၁၀ ရာခိုင်နှုန်းမျှ လျှော့ချခဲ့ကြသည်။ ၁၉၃၀ ပြည့်နှစ် နွေရာသီတွင် အမေရိကန်ပြည်ထောင်စု၏ စိုက်ပျိုးရေး အချက်အချာနယ်မြေသည် အကြီးအကျယ် မိုးခေါင်ခြင်းကြောင့် ဆိုးရွားစွာပျက်စီးခဲ့ရသည်။

၁၉၃၀ ပြည့်နှစ် အစောပိုင်းတွင် အကြွေးပေးမည့်သူအများအပြားရှိပြီး အတိုးနှုန်းသက်သာစွာဖြင့် ရနိုင်သော်လည်း လူအများစုမှာ ချေးငှားခြင်းဖြင့် အကြွေးအသစ်ဖြစ်မည်ကို မလိုလားခဲ့ကြပေ။ ၁၉၃၀ ပြည့်နှစ် မေလတွင် ကားရောင်းဝယ်မှုသည် ၁၉၂၈ ခုနှစ်တွင်ရှိခဲ့သော ရောင်းအား၏အောက်သို့ ကျဆင်းခဲ့သည်။ ယေဘုယျအားဖြင့် ဈေးနှုန်းများ စတင်ကျဆင်းခဲ့သော်လည်း လုပ်ခများမှာ ၁၉၃၀ ပြည့်နှစ်တွင် ပုံမှန်အတိုင်းပင် ရှိနေခဲ့သေးသည်။ ၁၉၃၁ ခုနှစ်တွင် လုပ်ခများ စတင်ကျဆင်းခဲ့သည်။ စားသုံးကုန်ပစ္စည်းများ ဈေးကျလာသည့်အတွက် လယ်ယာဒေသများတွင် အခြေအနေအဆိုးဆုံးဖြစ်သည်။ အလုပ်လက်မဲ့ များပြားလာပြီး အခြားအလုပ်အကိုင်ပြောင်းရန် အခွင့်အလမ်း အနည်းငယ်မျှသာရှိသော သတ္တုတူးဖော်ခြင်းနှင့် သစ်ထုတ်လုပ်ခြင်းတို့မှာလည်း အလားတူပင်ဖြစ်သည်။

အမေရိကန်၏ စီးပွားရေးကျဆင်းမှုသည် အစောပိုင်းတွင် အခြားနိုင်ငံများ၏စီးပွားရေးကို ကျဆင်းစေသော အကြောင်းအချက်ဖြစ်သည်။ သို့သော် နိုင်ငံတစ်နိုင်ငံစီ၏ အတွင်းပိုင်းအားကောင်းမှု၊ အားမကောင်းမှုပေါ်မူတည်၍ အခြေအနေမှာ ပိုကောင်းခြင်း သို့မဟုတ် ပိုဆိုးသွားခြင်း ဖြစ်ပေါ်သည်။ ၁၉၃၀ ပြည့်နှစ် အမေရိကန်က ပြဋ္ဌာန်းသော စမု-ဟော်လေ (Smoot-Hawley) သွင်းကုန်ထုတ်ကုန်ဆိုင်ရာ အက်ဥပဒေနှင့် အခြားနိုင်ငံများမှ ထုတ်ပြန်ကျင့်သုံးသည့် သွင်းကုန်ထုတ်ကုန်ကန့်သတ်မှုများ အစရှိသည့် နိုင်ငံအသီးသီးမှ မိမိတို့စီးပွားရေးကို ခိုင်မာစေရန် အလန့်တကြား ကြိုးပမ်းမှုအနေဖြင့် ပြဋ္ဌာန်းသော ကိုယ်ကျိုးစီးပွားရေးပေါ်လစီများက တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြိုလဲခြင်းကို ပို၍ ဆိုးရွားသွားစေခဲ့သည်။

### ငွေကြေးအကျပ်အတည်းကို ရှောင်ရှားမှု

မည်သည့်အခါတွင်မဆို ဖြစ်ပေါ်လာနိုင်သည့် အကျပ်အတည်းတစ်ရပ်ကို ကာကွယ်နိုင်သော ကာကွယ်ရေးနည်းလမ်းများစွာတို့ အပါအဝင် ငွေကြေးအကျပ်အတည်းတစ်ရပ်အား ဖြေရှင်းရန် ဖြစ်နိုင်ဖွယ်ရှိသော နည်းလမ်းများစွာရှိသည်။ ငွေကြေးအကျပ်အတည်းတစ်ရပ်ကို အကောင်းဆုံး ဖြေရှင်းရန်သည် ပထမအဆင့်မှာပင် ကာကွယ်ရေးနည်းလမ်းများအားဖြင့် ရှောင်ရှားရန်ဖြစ်သည်။ ဗဟိုဘဏ်များက ဈေးကွက်ကိုတိုက်ရမည့် ရည်ညွှန်းငွေလဲလှယ်နှုန်း ကန့်သတ်ထားမှုနှင့် ဆန့်ကျင်လျက် ဈေးကွက်က အမြဲတမ်းဈေးနှုန်းသတ်မှတ်သည် ဟူသည့်အချက်အား သေချာစေခြင်းဖြင့် ငွေလဲလှယ်နှုန်းကို နှုန်းရှင်မျှောခြင်းက ငွေကြေးအကျပ်အတည်းကို ရှောင်ရှားမှုဆီသို့ ဦးတည်သွားစေသည်။

လတ်တလောတွင် ဒေါ်လာဈေးနှုန်းများ မကြုံစဖူးမြင့်တက်နေသဖြင့် မဟာဗျူဟာမြောက် သွင်းကုန်များဖြစ်သော စက်သုံးဆီ၊ စားသုံးဆီအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ ဆေးဝါးနှင့် စိုက်ပျိုးရေးကဏ္ဍသုံး သွင်းအားစုများ အားလုံး မြင့်တက်နေသည်။ ဈေးကွက်အတွင်း အမေရိကန်ဒေါ်လာ ဝယ်ယူရန် မရှိသလောက် ရှားပါးနေသည်။ ယခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က တစ်ဒေါ်လာလျှင် မြန်မာငွေ ၁၃၉၅ ကျပ်ဝန်းကျင်သာရှိခဲ့သော်လည်း စက်တင်ဘာလ ၂၉ ရက်နေ့ ဈေးပိတ်ချိန်တွင် တစ်ဒေါ်လာလျှင် ကျပ် ၂၅၀၀ အထိ သမိုင်းတစ်လျှောက် အမြင့်ဆုံးစံချိန်ဖြစ်ခဲ့သည်။ ဗဟိုဘဏ်က နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် အကြိမ်ကြိမ် ရောင်းချခဲ့သော်လည်း တစ်ဟုန်ထိုးမြင့်တက်နေသော ဒေါ်လာဈေးနှုန်းအပေါ် သိသာသည့်အကျိုးသက်ရောက်မှု မရှိသေးပေ။

> **နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်တွင် ဈေးကစားမှုကိုဖြစ်စေသည့် ငွေကြေးတစ်ရပ်၏ ရုတ်တရက်မတည်မငြိမ်ဖြစ်မှုကို "ငွေကြေးအကျပ်အတည်း" (Currency Crisis) ဟု ဆိုကြသည်။ ယင်းအကျပ်အတည်းသည် ရည်ညွှန်းငွေလဲလှယ်နှုန်း သို့မဟုတ် ငွေကြေးဆိုင်ရာ မူဝါဒချမှတ်မှုများ အပါအဝင်အကြောင်းခြင်းရာများစွာတို့ကြောင့် ဖြစ်ပွားနိုင်သည်။ ယင်းကို ငွေလဲလှယ်နှုန်းအား နှုန်းရှင်မျှောခြင်းကို အကောင်အထည်ဖော်မှု သို့မဟုတ် ဈေးကွက်ကို လမ်းဖွင့်ပေးမည့်အစား ဈေးကွက်ကိုပျက်ပြားစေသည့် ငွေကြေးဆိုင်ရာမူဝါဒများကို ရှောင်ကြဉ်မှုတို့အားဖြင့် ဖြေရှင်းနိုင်**

ဒေါ်လာဈေး မြင့်တက်မှုနှင့်အတူ စက်သုံးဆီဈေးနှုန်း အတက်ကြမ်းလာသဖြင့် စားနပ်ရိက္ခာထုတ်လုပ်ရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် စားသောက်ကုန်ထုတ်လုပ်ရေးအထိ အကျိုးသက်ရောက်မှုရှိလာသည်။ သယ်ယူပို့ဆောင်ရသည့် စားနပ်ရိက္ခာအားလုံးဈေးနှုန်းကြီးမြင့်လာသည်။ ပြည်ပသွင်းကုန် အချို့ပိတ်ပင်မည့်ကောလာဟလသတင်းများကြောင့် နိုင်ငံခြားမှတင်သွင်းသည့် ကုန်ပစ္စည်းများအားလုံး လိုလိုမြင့်တက်ကာ အချို့သွင်းကုန်ပစ္စည်းများ အရောင်းပိတ်ထားသည်အထိ ဖြစ်ပေါ်နေသည်။ ထို့ကြောင့် ထိန်းမနိုင်သိမ်းမရဖြစ်နေသည့် မြန်မာကျပ်ငွေတန်ဖိုးကျဆင်းမှုကို မည်သို့ကုစားမည်နည်း ဟူသည့်အချက်မှာ လူတိုင်းစိတ်ဝင်စားသည့်ကိစ္စတစ်ရပ် ဖြစ်သည်။

အောက်တိုဘာလ ၄ ရက်နေ့တွင် ကမ္ဘာ့ဒေါ်လာဈေးအညွှန်းကိန်း ၉၄ ပွိုင့်ဝန်းကျင်ရှိပြီး နိုင်ငံခြားငွေလဲနှုန်း တစ်ဒေါ်လာ ကျပ် ၂၃၅၀ ဝန်းကျင်သို့ ပြန်လည်ကျဆင်းလာကြောင်း နိုင်ငံခြားငွေကြေး ရောင်းဝယ်သူများထံမှ သိရသည်။ ပြည်တွင်းဈေးကွက်အတွင်း ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင်ဖြစ်ပေါ်သော အခြားနိုင်ငံခြားငွေကြေးများ၏ လဲလှယ်မှုနှုန်းထားများမှာ ယူရို ၂၅၀၀ ကျပ်၊ စင်ကာပူဒေါ်လာ ၁၅၉၀ ကျပ်၊ မလေးရှားရင်းဂစ် ၅၁၀ ကျပ်၊ ထိုင်းဘတ် ၆၉ ကျပ်တို့ ဖြစ်သည်။

### ငွေကြေးဖောင်းပွမှု အမြင့်ဆုံးနိုင်ငံ

ဂျွန်ဟော့ကင်းစ်တက္ကသိုလ်က ထုတ်ပြန်သော စာရင်းများအရ ငွေကြေးဖောင်းပွမှု အမြင့်ဆုံးနိုင်ငံများမှာ ဗင်နီဇွဲလား၊ လက်ဘနွန်၊ ဆူဒန်၊ ဆီးရီးယား၊ ဇင်ဘာဘွေ၊ တာ့ခ်မင်နစ္စတန်၊ အီသီယိုးပီးယား၊ အာဂျင်တီးနား၊ မြန်မာနှင့် အီရန်နိုင်ငံတို့ဖြစ်သည်ဟု ဆိုထားသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၏ စက်တင်ဘာလအတွက် ထုတ်ပြန်သည့် အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အာဆီယံ ၁၀ နိုင်ငံအတွင်း ငွေကြေးအဖောင်းပွဆုံးနိုင်ငံတစ်ခုဖြစ်လာကြောင်း ဖော်ပြထားသည်။ မြန်မာကျပ်ငွေတန်ဖိုး အဆမတန်ထိုးကျနေမှုအပေါ် ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာကျွမ်းကျင်သူတို့က မြန်မာကျပ်ငွေအား ပြည်သူလူထု၏ယုံကြည်မှု လျော့နည်းလာခြင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှု လျော့နည်းခြင်း၊ နိုင်ငံတကာငွေကြေးအကူအညီများ ရပ်ဆိုင်းခံရခြင်းနှင့် ပြည်ပပို့ကုန် လျော့ကျခြင်းတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်ပြောဆိုမှုများ ရှိနေသည်။

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ကိုဗစ်ကပ်ရောဂါ တတိယလှိုင်းဖြစ်ပွားနေမှုတို့ကြောင့် မြန်မာနိုင်ငံ၏ ၂၀၂၁ ဘဏ္ဍာနှစ်တွင် စီးပွားရေး ၁၈ ရာခိုင်နှုန်းခန့် ကျဆင်းသွားမည်ဟု ခန့်မှန်းထားရာ စီးပွားရေးကျဆင်းမှု၏ ပြယုဂ်တစ်ခုဖြစ်သော အရပ်ရပ်ဈေးနှုန်းများမြင့်တက်မှုသည် အများပြည်သူတို့၏ လူမှုစီးပွားဘဝအတွက် ကြီးမားသည့်စိန်ခေါ်မှု တစ်ရပ် ဖြစ်နေသည်။ လက်ရှိအနေအထားအရ ဒေါ်လာဈေးနှုန်းများ ဆက်လက်မြင့်တက်နိုင်သည့် အခြေအနေအရပ်ရပ်တို့ကြောင့် ငွေပိုငွေလျှံရှိသူများက ဒေါ်လာ၊ ရွှေ၊ အိမ်ခြံမြေ စသည်ဖြင့် ခိုင်မာမှုရှိသည့်ပစ္စည်းများကို ဝယ်ယူနိုင်ကြသော်လည်း ဝင်ငွေအကန့်အသတ်ရှိသူများနှင့် ပုံမှန်ဝင်ငွေမရှိသူ အခြေခံလူတန်းစားများ အခက်အခဲမျိုးစုံဖြင့် ရင်ဆိုင်နေကြရသည်။

### ငွေကြေးဖောင်းပွမှုအဆင့်သို့ ရောက်ရှိသွားနိုင်

ငွေကြေး၏ တစ်ခုတည်းသော ရည်ရွယ်ချက်သည် လူတိုင်းအနေဖြင့် မိမိလိုအပ်သည့်ပစ္စည်းများကို ဝယ်ယူခွင့်ရရှိစေရန်ဖြစ်သည်။ ငွေကြေးဖောင်းပွမှုမြင့်တက်နေမှုကို ထိန်းချုပ်နိုင်စွမ်းမရှိပါက သက်ဆိုင်ရာနိုင်ငံ၏ငွေကြေးတန်ဖိုးဖြစ်စေ၊ ယင်းငွေကြေး၏ အသုံးဝင်မှုကိုဖြစ်စေ ကျဆင်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိငွေကြေးကဏ္ဍသည် ငွေကြေးဖောင်းပွမှုအဆင့်သို့ ရောက်ရှိသွားနိုင်သည်ကို အားလုံးက သတိမူကြရမည် ဖြစ်သည်။ အလွန်အမင်းငွေကြေးဖောင်းပွမှုအခြေအနေကို ပေါင်မုန့်တစ်လုံးအတွက် ငွေစက္ကူအထပ်လိုက်ပေးချေရသည့် ဇင်ဘာဘွေနှင့် ဗင်နီဇွဲလားနိုင်ငံတို့တွင် အလွယ်တကူတွေ့မြင်နိုင်သည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ပို့ကုန်များအတွက် ဝယ်လိုအားကိုလှုံ့ဆော်ရန် ၎င်းတို့၏ငွေကြေးကို တမင်နိမ့်ချလိုက်ခြင်းအား ဆက်လက်ထိန်းသိမ်းထားလိုကြသည်။ အကျော်ကြားဆုံးဥပမာမှာ တရုတ်နိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံသည် ၎င်းတို့၏ အမေရိကန်ဒေါ်လာနှင့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ဆယ်စုနှစ်နှင့်ချီလျက် ထိန်းထားခဲ့သည်။ တရုတ်သည် အရန်နိုင်ငံခြားငွေကြေး အလွန်များပြားစွာ ရှိသောကြောင့် ရည်ညွှန်းငွေလဲလှယ်နှုန်းကို ကာကွယ်ရန် မည်သည့်အခါမျှ ဒုက္ခမတွေ့ခဲ့ပေ။ ယင်းသည် ဈေးကွက်၏အခြားနယ်ပယ်များ၌ ဟန်ချက်ပျက်ယွင်းမှုကို ဖြစ်စေခဲ့သည်။

နိုင်ငံခြားငွေလဲလှယ်မှုဈေးကွက်တွင် ဈေးကစားမှုကိုဖြစ်စေသည့် ငွေကြေးတစ်ရပ်၏ ရုတ်တရက်မတည်မငြိမ်ဖြစ်မှုကို "ငွေကြေးအကျပ်အတည်း" (Currency Crisis) ဟု ဆိုကြသည်။ ယင်းအကျပ်အတည်းသည် ရည်ညွှန်းငွေလဲလှယ်နှုန်း သို့မဟုတ် ငွေကြေးဆိုင်ရာ မူဝါဒချမှတ်မှုများ အပါအဝင် အကြောင်းခြင်းရာများစွာတို့ကြောင့် ဖြစ်ပွားနိုင်သည်။ ယင်းကို ငွေလဲလှယ်နှုန်းအား နှုန်းရှင်မျှောခြင်းကို အကောင်အထည်ဖော်မှု သို့မဟုတ် ဈေးကွက်ကို လမ်းဖွင့်ပေးမည့်အစား ဈေးကွက်ကို ပျက်ပြားစေသည့် ငွေကြေးဆိုင်ရာ မူဝါဒများကို ရှောင်ကြဉ်မှုတို့အားဖြင့် ဖြေရှင်းနိုင်သည်ဟု ဆိုကြသည်။ ငွေကြေးအကျပ်အတည်း တစ်ရပ်သည် နိုင်ငံတစ်နိုင်ငံအား နိုင်ငံရေးအကျပ်အတည်းတစ်ရပ်ဆီသို့ ဦးတည်သွားနိုင်စေသောကြောင့် ငွေကြေးအကျပ်အတည်းကို ဖြေရှင်းရေးအတွက် ထိရောက်သောနည်းလမ်းများကို အမြင့်ဆုံးရှာဖွေနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# မောင်တောမြို့၌ ရခိုင်ရိုးရာအစဉ်အလာအတိုင်း ဆွမ်းဆန်တော်လောင်းလှူ

**မောင်တော အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ရခိုင်ရိုးရာအစဉ်အလာအတိုင်း ဆွမ်းဆန်တော်လောင်းလှူပူဇော်ပွဲနှင့် ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ပူဇော်ခြင်းကို အောက်တိုဘာ ၂၀ ရက် (သီတင်းကျွတ်လပြည့်နေ့) ညနေပိုင်းတွင် မောင်တောမြို့ပေါ်၌ တည်ငြိမ်အေးချမ်းစွာ ပြုလုပ်ခဲ့သည်။

မောင်တောမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးမှ စေတနာရှင်ပြည်သူများ၊ လူငယ်အဖွဲ့အစည်းများ စုပေါင်းကာ မိမိတို့ရပ်ကွက်၊ ကျေးရွာများအလိုက် ရခိုင်ရိုးရာယဉ်ကျေးမှုအစဉ်အလာအတိုင်း ဝါတွင်းကာလတွင် ဆွမ်းဆန်တော်လောင်းလှူပွဲကို ကျင်းပလျက်ရှိရာ ယခုနှစ်တွင်လည်း ရဟန်း၊ သံဃာတော်များကို မိမိတို့ရပ်ကွက်၊ ကျေးရွာများအလိုက် မြို့ဘုန်းတော်ကြီးကျောင်းမှ စတင်ထွက်ခွာကာ ဗိမာန်နားဒါက်ရွာလမ်း၊ ဦးဥတ္တမလမ်း၊ ဘောလုံးကွင်းလမ်း၊ မြို့မနာရီစင်လမ်းမကြီးအတိုင်း စီတန်းကြွချီရာ အလှူရှင်များက ရဟန်း၊ သံဃာတော်အပါး ၇၀ ခန့်အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

**စတုဒိသာ ကျွေးမွေး**

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်းပြီး မြို့ဦးရွှေစည်းခုံ စေတီတော်မြတ်ကြီး၌ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ဖြင့် ရပ်ကွက်အသီးသီးမှ ပြည်သူများစုပေါင်းပြီး မြို့ဦးရွှေစည်းခုံစေတီတော်မြတ်အား စီတန်းလှည့်လည်ကာ ပူဇော်ခြင်းနှင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကရုဏာကွန်ရက်အဖွဲ့သားများမှ ဘုရားဖူးပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခဲ့ကြပြီး ရပ်ကွက်နှင့် ကျေးရွာများအတွင်း လမ်းသွယ်၊ လမ်းကြား၊ လမ်းမကြီးများတွင် ဆီမီးအလှဆင်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းများကို လည်း တည်ငြိမ်အေးချမ်းစွာပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**





# ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မီးပုံးပျံလွှတ်တင်ပွဲ ကျင်းပ

**ဘားအံ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ မီးပုံးပျံလွှတ်တင်ပွဲကို (သီတင်းကျွတ်လပြည့်) အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းက ဘားအံမြို့ သီရိကွင်း၌ ကျင်းပသည်။

မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အချက်ပေးမောင်း တီးခတ်၍ စတင်ပေးပြီး မီးပုံးပျံလွှတ်တင်မှုများကို တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးခဲ့ကြကာ အမြင့် ပေ ၃၀ ခန့်နှင့် အချင်း ၁၅ ပေခန့် အရွယ်ရှိ မီးပုံးပျံ ၁၁ လုံးကို ကရင်တိုင်းရင်းသားရိုးရာ အဝတ်အထည်များ၊ လက်ကိုင်ပဝါနှင့် လက်ကိုင်အိတ်များ၊ ရောင်စုံအလံများ ချိတ်ဆွဲ၍ ကရင်ရိုးရာဒုံးအကများ၊ အိုးစည်ဗုံမောင်းများ၊ အတီးအမှုတ် အကအခုန်များဖြင့် အေးချမ်းပျော်ရွှင်စွာ လွှတ်တင်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့ ကျက်သရေဆောင် ကျောက်ကလပ်စေတီတော်၌ ကျောက်ကလပ်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဒေသဖွံ့ဖြိုးရေးနှင့် သာသနာတော် ဆိုင်ရာများ လျှောက်ထားတင်ပြပြီး လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဘားအံမြို့အဝင် သံလွင်တံတားအနီးရှိ ထောင်ဝိတောင် ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေ ၁၆၅ ဧကအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သစ်တောဦးစီးဌာနမှူး ဦးပြည့်စုံမျိုးက ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လေ့လာကြည့်ရှုနိုင်ရေးနှင့် လုပ်ငန်းဆောင်ရွက်နေမှု များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# သာယာဝတီခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းများအဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှု

**သာယာဝတီ အောက်တိုဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့် အတူ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းက စိုက်ပျိုးရေးလုပ်ငန်းများ အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် လက်ပံတန်းမြို့နယ် မင်းလမ်းကျေးရွာ စနစ်တကျစံပြကွက် ဧက ၁၀၀ ဆင်းသုခ မိုးစပါး စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စပါးခွဲသုံး စပါးအခြောက်ခံစက်ဖြင့် စပါးအခြောက်ခံနေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် သာယာဝတီမြို့နယ် အင်းရွာ စိုက်ပျိုးရေးသုတေသနစခန်း၌ ဟင်းသီးဟင်းရွက်နှင့် မြန်မာ့တိုင်းရင်းဆေး ဆေးခါးကြီးပင် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ ဒေသမျိုးရင်းဟင်းသီးဟင်းရွက်များအား organic farm အဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေး စည်းရုံးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်သာယာဝတီမြို့နယ် သုံးဆယ်မြို့ စိုက်ပျိုးရေးသိပ္ပံသို့ သွားရောက်ခဲ့ပြီး နိုဝင်ဘာ ၁၅ ရက်တွင် ကျောင်းဖွင့်လှစ်မည်ဖြစ်၍ ကျောင်းတက်ရန် လာရောက်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရန်၊ ပြင်ပစိုက်ပျိုးရေး/ မွေးမြူရေးလုပ်ငန်းများတွင် အောင်မြင်နေသည့်နေရာများသို့ လေ့လာရေးဆောင်ရွက်ပေးခြင်း၊ ခေတ်စနစ်နှင့် ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး နည်းစနစ်များ ဖြန့်ဖြူးသင်ကြားပေးရန်နှင့် ကျောင်းဝင်းသန့်ရှင်းရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ပလင်းကမ်းသာယာဆင်စခန်းသို့ လာရောက်လည်ပတ်အပန်းဖြေသူ များပြား

**ညောင်ဦး အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာအနီး ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသို့ အပန်းဖြေခရီး လာရောက်လည်ပတ်သူများနှင့် ဆင်များလေ့လာလိုသူ ခရီးသွားပြည်သူများ လာရောက်လည်ပတ်မှုများလာကြောင်း အဆိုပါဆင်စခန်းမှ သစ်အုပ်ကြီး ဒေါ်နိုင်းနိုင်းဇော်ထံမှ သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်းသည် ညောင်ဦးမြို့နှင့် ငါးမိုင်ခန့်အကွာ ညောင်ဦး -ပခုက္ကူ- မြင်းခြံကားလမ်းမကြီးဘေး၊ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိပြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ ဘုရားဖူးလာ ခရီးသွားပြည်သူများ ခရီးတစ်ထောက် အပန်းဖြေအနားယူရာနေရာတစ်ခုဖြစ်ကြောင်း သိရသည်။

ဆင်စခန်းဝင်းအတွင်း ကလေးကစားကွင်းတွင် ကလေးစီးရဟတ်၊ ဆီးဆော၊ လျှောစီးနေရာ၊ ဒန်းတို့ပါရှိပြီး ဥယျာဉ်



ငယ် ပြုလုပ်ဖန်တီးပေးထားကြောင်း၊ ဆင်ပြတိုက်တွင်လည်း စုံလင်စွာပြသပေးထားသောကြောင့် ကမ္ဘာတွင် မြန်မာတစ်နိုင်ငံတည်းသာ အိမ်မွေးဆင်အများစုပိုင်ဆိုင်ကြောင်း၊ အာဖရိကဆင်နှင့် အာရှဆင်ခွဲခြားပြသထားပြီး အာရှဆင်များသည် အာဖရိကဆင်များထက် ခွန်အားကြီးမားပုံ၊ အာရှဆင်ခေါ်မြန်မာ့ဆင်များမြန်မာ့သစ်လုပ်ငန်းတွင် အရေးပါခဲ့ပုံ၊ သစ်တောဝန်ထမ်းများနှင့်မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းများ ဆင်များစောင့်ရှောက်ပုံ၊ ဆင်စွယ်အမျိုးမျိုးနှင့် ဆင်ဝန်ထမ်းအဆင့်ဆင့် နေအိမ်များကို ဆင်ပြတိုက်တွင်ပြသထားပုံနှင့် ဆင်စခန်းဝင်း ဆင်များနေထိုင်ပုံ၊ ဆင်များသည် တစ်နေ့သုံးချိန်ပိုင်းပါက နှစ်ချိန်သည် အစာစားချိန်ဖြစ်ကြောင်းတို့ကို ခရီးသွား၊ အပန်းဖြေလာ ဆင်လေ့လာလိုသူများသိရှိလိုသည်များကို ဆင်စခန်းတာဝန်ရှိသူများက လိုက်လံရှင်းပြပေးကြောင်း၊ သီတင်းကျွတ်လပြည့်နေ့တွင် ဆင်များအတွက် ဆင်စာဘူဖေးကျွေးသူများပြားခဲ့ပြီး ဧရာဝတီမြစ်ကမ်းဘေးတွင် ဆင်စခန်းလာဆင်ချစ်သူများ အပန်းဖြေနားနေနိုင်ရန် ခြေတံရှည်တဲများတွင် အပန်းဖြေသူများဖြင့် စည်ကားခဲ့ပြီး ဆင်စခန်းများသို့ လာရောက်လေ့လာလည်ပတ်ခြင်းဖြင့် မြန်မာ့ဆင်များ ကိုယ်တိုင်ထိန်းသိမ်းဖို့ အင်အားဖြစ်စေကြောင်း သစ်အုပ်ကြီး ဒေါ်နိုင်းနိုင်းဇော်က ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ် ပလင်းကမ်းသာယာဆင်စခန်းသို့ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် လာရောက်လည်ပတ်သူ များပြားခဲ့ကြောင်း သိရသည်။

**ကိုထိန်(KPD)**

# လူနာခုတင်များအထိ အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းတပ်ဆင်ပေး



**ကျောင်းကုန်း အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးအလှူရှင်များက ယမန်နေ့တွင် အောက်ဆီဂျင်ပိုက်လိုင်းများ လူနာခုတင်အထိ သွယ်တန်းထားပြီးကြောင်း သိရသည်။

ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံ၌ တက်ရောက်ကုသနေသော လူနာများအဆင်ပြေချောမွေ့စွာ အောက်ဆီဂျင်ရှူ၍ ကုသမှု ခံယူနိုင်စေရန်အတွက် အောက်ဆီဂျင် ထွက်ပေါက်ပေါင်း ၂၆ ပေါက် ပိုက်လိုင်းများ၊ အောက်ဆီဂျင်ဝင်ပေါက် ခေါင်းပေါင်း ၁၆ ခေါင်းတို့ဖြင့် လူနာခုတင်အထိ အောက်ဆီဂျင်အသင့်ရောက်ရှိမည်ဖြစ်သည်။

**လှူဒါန်း**

အမျိုးသမီးနှင့်ကလေးလူနာဆောင် (ကိုဗစ်ဆောင်)တွင် ၁၆ ပေါက်၊ အရေးပေါ်ဌာနတွင် နှစ်ပေါက်၊ အသည်းအသန်လူနာခန်းတွင် သုံးပေါက်၊ ခွဲစိတ်ခန်းတွင် သုံးပေါက်နှင့် သားဖွားခန်းတွင်နှစ်ပေါက် စုစုပေါင်း ၂၆ ပေါက်တို့အတွက် အလှူငွေကျပ် ၂၂၇ သိန်းလှူဒါန်းပေးခဲ့သဖြင့် တပ်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆရာဝန်ကြီးထံမှ သိရသည်။

အဆိုပါအောက်ဆီဂျင်စက်သည် စက်တင်ဘာ ၁၇ ရက်က စတင်ရောက်ရှိခဲ့ပြီး လာမည့်နိုဝင်ဘာလတွင် အောက်ဆီဂျင်ရရှိနိုင်မည်ဖြစ်ရာ လက်ရှိတွင် အောက်ဆီဂျင် ရှူနေရသူ လူနာများမှာ ကျောင်းကုန်းပြည်သူ့ဆေးရုံ၌ နှစ်ဦးနှင့် ဒေါင့်ကြီးတိုက်နယ်ဆေးရုံ၌ တစ်ဦး စုစုပေါင်း သုံးဦးသာရှိကြောင်း ကျန်းမာရေးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# လှိုင်းဘွဲ့မြို့နယ် မြို့မဘုန်းတော်ကြီးကျောင်းရှိ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မြို့မဘုန်းတော်ကြီးကျောင်းတွင် ဆရာတော်၊ သံဃာတော်များ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းသန်း၊ စစ်ဗျူဟာအခြေချ(လှိုင်းဘွဲ့) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စံထူးကျော် နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ခဲ့ကြောင်း သိရသည်။

ဆရာတော်၊ သံဃာတော်များအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာတွင် စစ်ဗျူဟာအခြေချ (လှိုင်းဘွဲ့)မှ ခွဲစိတ်ပါရဂူ ဗိုလ်ကြီး အေးမင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေး လမ်းညွှန်ချက်နှင့်အညီ ဆရာတော်၊ သံဃာတော်များအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာပေးခြင်းနှင့် ဖျားနာခြင်း၊ သွေးတိုးရောဂါ ရှိ၊ မရှိ တို့ကို ကျန်းမာရေး စစ်ဆေးပေးခဲ့ပြီး မြို့မဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော် ၃၂ ပါးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လှေခွင်းတောင်ဘုရားနှင့် ပေါင်းလောင်းမြစ်ကမ်းသို့ ဘုရားဖူး အပန်းဖြေလာရောက်လည်ပတ်သူများပြား

**ဇေယျာသီရိ အောက်တိုဘာ ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ လှေခွင်းတောင် တန်ခိုးကြီးဘုရားနှင့် ပေါင်းလောင်းမြစ်ကမ်းသို့ သီတင်းကျွတ်လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ဘုရားဖူး အပန်းဖြေလာရောက်လည်ပတ်သူများ များပြားလျက်ရှိကြောင်း သိရသည်။



ကိုဗစ်-၁၉ ရောဂါပြင်းထန်စွာ ဖြစ်ပွားနေချိန်တွင် ဇေယျာသီရိမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ပေါင်းလောင်းမြစ်ကမ်းရှိ စားသောက်ဆိုင်များ ယာယီပိတ်ထားခဲ့သော်လည်း ယခုကိုဗစ်-၁၉ ရောဂါကူးစက်မှုနည်းပါးလာမှုကြောင့် တန်ခိုးကြီးဘုရားများ ဖူးမြော်ကြည်ညိုခွင့်နှင့် မြစ်ကမ်းတစ်လျှောက် အပန်းဖြေလာရောက်ခွင့်များကို ကိုဗစ်-၁၉ ရောဂါစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စက်စဲကမ်းခြေ၌ သီတင်းကျွတ်ရုံးပိတ်ရက်အတွင်း ပြည်သူများလာရောက်အပန်းဖြေ



**သံဖြူဇရပ် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် စက်စဲကမ်းခြေ၌ သီတင်းကျွတ်အလုပ်ပိတ်ရက်ဖြစ်သည့် ယနေ့ လပြည့်ကျော်တစ်ရက်နေ့တွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွား ပြည်သူများ၊ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ အနားယူနိုင်ရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက် လူစည်ကားရာနေရာများ၌ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သီတာဝင်း (ပြန်/ဆက်)**

# အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီမှစ၍ အသက်၁၂ နှစ်နှင့် အထက်ကျောင်းသားကျောင်းသူများအား ကိုဗစ် -၁၉ရောဂါကာကွယ်ဆေးပထမအကြိမ် စတုတ္ထနေ့ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်း၊ အထက်တန်းကျောင်းများရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းလာရောက်အပ်နှံထားသူ ကျောင်းသားဦးရေ ၈၂၃၅ ဦးတို့အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို အခြေခံပညာအထက်တန်းကျောင်း ဆေးထိုးစုရပ် ၁၇ ခု နေရာခွဲ၍ စတုတ္ထနေ့အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံခြင်းမပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း သက်ဆိုင်ရာ ဆေးထိုးစုရပ်ရှိသည့်ကျောင်းများတွင် လာရောက်ထိုးနှံနိုင်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)**

---

**ဟိုင်းကြီးကျွန်း**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး (ပထမအကြိမ်)စတင်ထိုးနှံပေးခြင်းကို ယနေ့နံနက် ၈ နာရီက အ.ထ.က ဟိုင်းကြီးကျွန်း အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ပထမအကြိမ် စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို စာသင်ကျောင်း လေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၃၈ ဦးတို့အား ပထမအကြိမ် ကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိပြီး ဆေးထိုးစုရပ်နေရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နွေးနွေးအောင်ကြွယ် (ဟိုင်းကြီးကျွန်း)**

---

**မဘိမ်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင် မဘိမ်းမြို့၌ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို အောက်တိုဘာ ၂၁ ရက် နံနက် ၈ နာရီခွဲက မဘိမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း မြသီတာခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးရဲထွဋ်လင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညိမ်းသူအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၇၄၃ ဦးတို့အား သတ်မှတ်စုရပ်နေရာများတွင် စတင်ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးရန်ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများအား သတ်မှတ်စုရပ်နေရာများတွင် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်း (ပြန်/ဆက်)**



✪ ရွှေဖုံးမှ

မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ဆီမီးပူဇော်ခဲ့ကြောင်း သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ စေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ဖူးမြော်ခွင့်ပေးခဲ့ပြီး ရွှေစည်းခုံစေတီတော်မြတ်ကြီးအား သီတင်းကျွတ်ကာလ အောက်တိုဘာ ၁၉ ရက်မှ ၂၁ ရက်အထိ နံနက် ၅ နာရီမှ ည ၈ နာရီအထိ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများအား ဖူးမြော်ခွင့်ပြုထားကြောင်း သိရသည်။

ကိုထိန်

## မုဒုံမြို့နယ် သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်၌ ဆီမီး ၁၀၀၀ ကပ်လှူထွန်းညှိပူဇော်

မုဒုံ အောက်တိုဘာ ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြန်မာ သက္ကရာဇ် ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ည ၆ နာရီက သမိုင်းဝင်ဆံတော်ရှင် ကန်ကြီးစေတီတော်မြတ်အား ဆီမီး ၁၀၀၀ ကပ်လှူထွန်းညှိပူဇော်ပွဲကို အဆိုပါ စေတီရင်ပြင်၌ ကျင်းပသည်။



### ကပ်လှူပူဇော်

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး မြို့နယ်အတွင်း ဩဝါဒါစရိယ ဆရာတော်ကြီး ၁၃ ပါးထံမှ သီလတော်မြတ်အား ခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များနှင့်အတူ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်၊ ကန်ကြီးစေတီတော်ဂေါပက အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့သူမြို့သားများက ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ဆက်ဆက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြို့သူ မြို့သားများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မြန်မာ့ရိုးရာ အစဉ်အလာအရ မီးပုံးပျံများ လွှတ်တင်ပူဇော်ခဲ့ကြကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးတို့၌ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို



ရှမ်းပြည်နယ်ရှိ ဘုရားစေတီများတွင် ဆီမီးများ ကပ်လှူပူဇော်ကြစဉ်။



ရခိုင်ပြည်နယ်ရှိ ဘုရားစေတီများတွင် ဆီမီးများ ကပ်လှူပူဇော်ကြစဉ်။

နေပြည်တော် အောက်တိုဘာ ၂၁

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် သီတင်းကျွတ်ပွဲတော်အခါသမယတွင် တာဝတိံသာနတ်ပြည်တွင် တစ်ဝါတွင်းလုံး အဘိဓမ္မာတရားဟောကြားပြီး လူ့ပြည်သို့ ပြန်လည်ဆင်းသက်လာသည့် မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ အဘိဓမ္မာအခါတော်သဘင်များဆင်နွှဲခြင်း၊ ဝါကျွတ်ပူဇော်ကန်တော့ခြင်းများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုခြင်းများ ပြုလုပ်လျက်ရှိကြသည်။

### လက်ဝဲသလုံး

သီတင်းကျွတ်ပွဲတော် အခါသမယဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့နှင့် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားစေတီများ၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ ကုသိုလ်တော်ဘုရား၊ မန္တလေးတောင်တော်တို့၌ လည်းကောင်း၊ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီး၊ ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်ဘုရား၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဘုရားများနှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ မြသလွန်ဘုရားများ၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခေမာရဋ္ဌ ရုပ်တော်မူဘုရားကြီး၊ မဟာမြတ်မုနိဘုရားကြီးနှင့် စေတီပုထိုးများ၌ လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လောကနန္ဒာစေတီတော်မြတ်ကြီး၊ လက်ဝဲသလုံးတော်ဓာတ်စေတီနှင့် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားတို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ မိဘပြည်သူများက ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညိုခြင်း၊ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ကုသိုလ်ယူခဲ့ကြသည်။

### စည်ကားလျက်ရှိ

ထို့အပြင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပိတ်ချင်းမြောင် မဟာနန္ဒာလိုဏ်ဂူတော်ကြီး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အပန်းဖြေဥယျာဉ်များ၊ ပန်းခြံများ၊ တိရစ္ဆာန်ဥယျာဉ်များ၌လည်း လာရောက်အပန်းဖြေအနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## လိုင်းဘွဲမြို့နယ် ကျိုက်မုရောစေတီတော်၌ ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်

လှိုင်းဘွဲ အောက်တိုဘာ ၂၁

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် လှိုင်းဘွဲမြို့ ကျိုက်မုရောစေတီတော်အား ဆီမီး ၃၀၀၀ ထွန်းညှိပူဇော်ပွဲကို ယင်းနေ့ ညနေ ၆ နာရီက အဆိုပါ စေတီတော်ရင်ပြင်၌ ကျင်းပသည်။

### ထွန်းညှိပူဇော်

ဆီမီးပူဇော်ပွဲတွင် လှိုင်းဘွဲမြို့ စစ်ဗျူဟာအခြေချနှင့် တပ်ရင်း/တပ်ဖွဲ့များ၊ ရပ်ကွက်/ကျေးရွာတို့ရှိ ပြည်သူများက စေတီတော်ရင်ပြင် ပတ်ပတ်လည်ရှိ ဆီမီးခွက်များ၌ ဆီမီး ၃၀၀၀ ကို ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရပ်ကွက် /ကျေးရွာများရှိ ဆီမီးလာရောက်ထွန်းညှိပူဇော် လှူဒါန်းကြသော ပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖

## ပွင့်ဖြူမြို့ လောကမာန်အောင်မြတ်စွာဘုရားကြီးတွင် ရပ်ကွက်နေပြည်သူများ စုပေါင်းပြီး ဒုတိယနေ့ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်

**ပွင့်ဖြူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်ရှိ လောကမာန်အောင်မြတ်စွာဘုရားကြီးအား ဝါလကင်းလွတ် သီတင်းကျွတ် ဆီမီးထွန်းပွဲတော်အထိမ်းအမှတ် ယနေ့ညနေ ၅ နာရီက ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဒုတိယနေ့ ဆီမီးတစ်ထောင်ကပ်လှူပူဇော်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှာရှိတဲ့ လောကမာန်အောင်မြတ်စွာဘုရားကြီးရဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရပ်ကွက်နေပြည်သူတွေနဲ့ စေတနာအလှူရှင်တွေ စုပေါင်းပြီး နှစ်စဉ်နှစ်တိုင်း ရိုးရာမပျက်ကျင်းပတာ ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း ရပ်ကွက်နေပြည်သူတွေက ဆီမီးတစ်ထောင်ပူဇော်ပွဲကို သီတင်းကျွတ်လပြည့်နဲ့ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ နှစ်ရက်ကြာ ထွန်းညှိပူဇော်တာ ဖြစ်ပါတယ်။ အခုလို သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ခြင်းကို မြို့ပေါ်ရပ်ကွက်ရှိ ဘုရားကျောင်းကန်တွေအပြင် ကျေးရွာဘုန်းတော်ကြီးကျောင်းများရှိ ဘုရားစေတီပုထိုးတွေမှာလည်း ကျေးလက်နေပြည်သူများက ရိုးရာမပျက် ဆီမီးထွန်းညှိပူဇော်ပွဲကို ကျင်းပပြီး ကုသိုလ်ကောင်းမှုပြုကြသူတွေနဲ့ အလွန်စည်ကားပါတယ်"ဟု ပွင့်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှ ဦးသိန်းစိုးက ပြောသည်။

ရဲဝင်းနိုင်(ညောင်ဦး)





## လပွတ္တာမြို့ပေါ်နှင့် ကျေးရွာများအတွင်းရှိ ဘုရားစေတီများ၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ကုသိုလ်ဒါနပြုသူများဖြင့် စည်ကား

**လပွတ္တာ အောက်တိုဘာ ၂၁**

လပွတ္တာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် သီတင်းကျွတ်လပြည့် နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ပြုမှုများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယောရော(ခရိုင်ပြန်/ဆက်)

## မြစ်ကြီးနားမြို့၌ သီတင်းကျွတ်အခါသမယ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများနှင့် ပန်းခြံတို့တွင် အပန်းဖြေသူများဖြင့် စည်ကား

**မြစ်ကြီးနား အောက်တိုဘာ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အပါအဝင် သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုသူများ၊ အပန်းဖြေပန်းခြံများ၌ ရောင်စုံမီးအလှများ ထွန်းညှိသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

မြစ်ကြီးနားမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်၊ သကျမာရဇိန်အံတော်ရှင်စေတီတော်နှင့် ပမ္မတီးရပ်ကွက်ရှိ အောင်ဇေရန်အောင်စေတီတော်တို့တွင် သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးစံများနှင့်အညီ ဆီမီးပူဇော်ခြင်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်းများကို ဒေသခံပြည်သူများ အများအပြား လာရောက်ကုသိုလ်ကောင်းမှုပြုခဲ့ကြပြီး အဆိုပါစေတီပုထိုးများတွင် ပြည်နယ်/ ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့တို့က ဆီမီး ၁၀၀၀ ဖြင့် ထွန်းညှိပူဇော်ခဲ့ကြသည်။

အလားတူ မြစ်ကြီးနားမြို့၌ အများပြည်သူ အပန်းဖြေနေရာတစ်ခုဖြစ်သည့် ဧရာဦးပန်းခြံနှင့် ပြည်သူ့ရင်ပြင်တွင် ရောင်စုံ LED မီးများ အလှဆင်ဆောင်ရွက်ထားမှုကို အများပြည်သူများ ပျော်ရွှင်စွာ လာရောက်အပန်းဖြေလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းများနှင့်အညီ ပျော်ရွှင်နိုင်ရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ လက်ဆေးဘေစင်များ ထားရှိဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)





## ကျိုက်လတ်မြို့ပေါ်နှင့် ကျေးရွာများအတွင်းရှိ ဘုရားစေတီများ၌ သီတင်းကျွတ်လပြည့်နေ့တွင် ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**ကျိုက်လတ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ရှိ ဘုရားစေတီပုထိုးများတွင် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)ညပိုင်းတွင် မြို့နယ်အတွင်းရှိ ဘုရားဖူးလာရောက်သူများက ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ကုသိုလ်ယူ၊ ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျိုက်လတ်မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယမန်နေ့ နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသည့် ကုသိုလ်ပြုမှုများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် သီတင်းကျွတ်လပြည့် ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီပုထိုးများ၊ ဌာနဆိုင်ရာရုံးများ၊ နေအိမ်များတွင်လည်း ဝါလကင်းလွတ် သီတင်းကျွတ်ပွဲတော် အထိမ်းအမှတ်အဖြစ် တာဝတိံသာမှ ကြွချီတော်မူသည့် မြတ်စွာဘုရားအား ရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဌေးဌေးလှိုင်(ပြန်/ဆက်)

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အသစ်ထပ်မံကူးစက်မှုများ စစ်ဆေးတွေ့ရှိသည့်အတွက် လေကြောင်းလိုင်းများ၊ စာသင်ကျောင်းများအား ပြန်လည်ပိတ်သိမ်း

**ပေကျင်း အောက်တိုဘာ ၂၁**

တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အသစ်ထပ်မံကူးစက်မှုများ စစ်ဆေးတွေ့ရှိသည့်အတွက် လေကြောင်းလိုင်းများ၊ စာသင်ကျောင်းများကို ပြန်လည်ပိတ်သိမ်းထားပြီး ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုလုပ်ငန်းစဉ်များကိုလည်း ကျန်းမာရေးအာဏာပိုင်များက အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါရောဂါကူးစက်မှု ထပ်မံတွေ့ရှိသူများသည် နိုင်ငံခြားသားခရီးသည် တစ်စုမှတစ်ဆင့် ကူးစက်နိုင်ခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ရောဂါစစ်ဆေးမှုစစ်တမ်းများအရ ဗိုင်းရပ်စ်ကူးစက်ခံရသူများအား နိုင်ငံမြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများ၌ ငါးရက်ဆက်တိုက် စစ်ဆေးတွေ့ရှိခဲ့သည်။



နောက်ဆုံးစစ်ဆေးတွေ့ရှိသည့် ရောဂါကူးစက်ခံရသူ ဇနီးမောင်နှံနှစ်ဦးသည် နိုင်ငံခြားသားခရီးသည်များနှင့် ထိတွေ့ဆက်ဆံမှုရှိခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် ရှီအန်း၊ ဂန်းဆုနှင့် မွန်ဂိုလီးယားအတွင်းပိုင်းသို့ မလာမီ ရှန်ဟိုင်းမြို့၌ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ထို့ပြင် ရောဂါထပ်မံစစ်ဆေးတွေ့ရှိသူ အများအပြားသည် အဆိုပါခရီးစဉ်များနှင့် ဆက်စပ်မှုရှိပြီး မြို့တော်ပေကျင်း အပါအဝင် အခြားသော စီရင်စုနှင့် ဒေသငါးခုတို့၌ ရောဂါရှိသူများနှင့် ထိတွေ့ဆက်ဆံသူများ ရှိနိုင်ဖွယ်ရှိကြောင်း ၎င်းတို့က ဆိုသည်။

အသစ်ထပ်မံဖြစ်ပွားလာနိုင်ဖွယ်ရှိသည့် ရောဂါကူးစက်မှုများကို ကြိုတင်ကာကွယ်နိုင်ရန် ဒေသန္တရအစိုးရများက အားကစားစင်တာများ၊ ကမ္ဘာလှည့်ခရီးသွားအများစု သွားလာသည့်နေရာများ၊ ဖျော်ဖြေရေးစင်တာများကို ပိတ်ပင်ထားပြီး ရောဂါစစ်ဆေးမှုလုပ်ငန်းစဉ်များကို အရှိန်အဟုတ်မြှင့် လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နေအိမ်ပြင်ပသို့ မထွက်ကြရန်လည်း ဒေသခံပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

ရှီအန်းနှင့် လန်ဇူးစီရင်စုများရှိ လေဆိပ်နှစ်ခုမှ လေကြောင်းလိုင်း ၆၀ ရာခိုင်နှုန်းကိုလည်း ခရီးစဉ်ပြေးဆွဲခြင်းများ ဖျက်သိမ်းထားပြီးဖြစ်သည်။

ထို့ပြင် မွန်ဂိုလီးယားအတွင်းပိုင်းသို့ ခရီးသွားလာခွင့်ကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း တရုတ်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၃ ဦး ထပ်မံစစ်ဆေးတွေ့ရှိကြောင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က ဆိုသည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၁၇၇၀ ထပ်မံတွေ့ရှိ

**တီဟီရန် အောက်တိုဘာ ၂၁**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၇၇၀ ထပ်မံတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၈၂၁၇၃၇ ဦး ရှိလာသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၆၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၂၄၅၈၅ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၅၃၆၁၁၆၉ ဦးရှိသည်။

လူနာ ၄၅၅၉ ဦးသည် အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၄၉၇၁၁၄၀၇ ဦးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၂၆၈၀၆၃၇၄ ဦးသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူပြီးဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ ပြည်သူ ၃၄၃၃၃၅၁၆ ဦးအား ရောဂါ ရှိ၊ မရှိ စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ရှစ်သန်းနီးပါးရှိလာ

**အန်ကာရာ အောက်တိုဘာ ၂၁**

တူရကီနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၉၇၆၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၇၇၄၄၁၃၉ ဦးရှိလာပြီဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၁၄ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၈၂၇၄ ဦးရှိလာသည်။ သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၂၈၈၀၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို အသုံးပြုလျက်ရှိသည်။

လက်ရှိအချိန်အထိ ပြည်သူ ၅၅ ဒသမ ၀၁ သန်းကျော်အား ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးပြီးဖြစ်ပြီး ၄၇ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်သည်။

အပိုထပ်ဆောင်းထိုးနှံမှုအပါအဝင် ကာကွယ်ဆေးအလုံးရေ ၁၁၄ ဒသမ ၆၂ သန်းကျော် ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# နယူးဇီလန်နိုင်ငံ၌ တစ်ရက်အတွင်း ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၀၂ ဦး ထပ်မံတွေ့ရှိ

**ဝယ်လင်တန် အောက်တိုဘာ ၂၁**

နယူးဇီလန်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ခတ်ခွဲအတည်ပြုလူနာသစ် ၁၀၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၂၂၆၀ ရှိလာကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ယနေ့ စစ်ဆေးတွေ့ရှိခဲ့သည့် ဒယ်လ်တာဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ခတ်ခွဲအတည်ပြုလူနာသစ် ၁၀၂ ဦးအနက် ၉၄ ဦးကို နိုင်ငံ၏အကြီးမားဆုံး အောက်လန်းမြို့တွင် စစ်ဆေးတွေ့ရှိခဲ့ပြီး ကျန်ရှစ်ဦးကို အောက်လန်းမြို့အနီး ဝိုင်ကာတိုခရိုင်တွင် စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် အာရှ်လီဘလွမ်းဖီးလ်ဒ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

လတ်တလောအချိန်တွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးဝါးကုသမှုခံယူနေသော လူနာ ၄၆ ဦးရှိပြီး ၎င်းတို့အနက် ရောဂါပြင်းထန်သည့်လူနာ ခုနစ်ဦးကို အထူးကြပ်မတ်ကုဌာနတွင် ပြုစုစောင့်ရှောက်လျက်ရှိကြောင်း ဘလွမ်းဖီးလ်ဒ်က ပြောကြားသည်။

နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၉၅၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

မကြာသေးမီက ဝန်ကြီးချုပ် ဂျာဆင်ဒါအာဒါန်း၏ ပြောကြားချက်အရ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ရန် လိုအပ်သေးသည့်အတွက် အောက်လန်းမြို့နှင့် ဝိုင်ကာတိုခရိုင်ရှိ ဒေသအစိတ်အပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အဆင့်-၃ ကို သီတင်းပတ်နှစ်ပတ်ကြာ ဆက်လက်ထားရှိမည်ဖြစ်ပြီး ကျန်ဒေသများတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတိပေးချက်အဆင့်-၂ ကို ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျော်တီ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၀၆ ဦး ထပ်မံတွေ့ရှိ

**မနီလာ အောက်တိုဘာ ၂၁**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၀၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၇၄၀၁၁၁ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၆၀ ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၁၂၃၇ ဦးရှိလာသည်။

မနီလာမြို့ပြဒေသ၌ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများမြင့်မားနေဆဲဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း စက်တင်ဘာ ၁၁ ရက်၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် အများဆုံးဖြစ်ပြီး ၂၆၃၀၃ ဦးရှိခဲ့သည်။ လူဦးရေ သန်း ၁၁၀ နီးပါးရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၁ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျသွားသည့် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ခရီးသည်များအား သီးခြားခွဲနေထိုင်ရန်မလိုဘဲ ထိုင်းနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်

**ဗန်ကောက် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျသွားသည့် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူထားသည့် ခရီးသည်များအား နိုဝင်ဘာ ၁ ရက်မှစပြီး သီးခြားခွဲနေထိုင်ရန် မလိုအပ်ဘဲ နိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုမည် ဖြစ်ကြောင်း ထိုင်းအစိုးရက ယနေ့ကြေညာချက် ထုတ်ပြန်သည်။

အဆိုပါ ကြေညာချက်ကို ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ၎င်း၏ဖေ့စ်ဘွတ်စာမျက်နှာတွင် ရေးသားထားသည်။ သို့သော် အဆိုပါသီးခြားခွဲနေထိုင်ရန်မလိုအပ်သည့် နိုင်ငံများစာရင်းကို အသေးစိတ်ဖော်ပြထားခြင်း မရှိပေ။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ထိခိုက်သွားသည့် စီးပွားရေးကို ပြန်လည်ဦးမော့လာစေရန် အမြန်ဆုံးဆောင်ရွက်ရန် လိုအပ်ကြောင်း ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ဆိုသည်။

ကနဦးတွင် ထိုင်းအစိုးရက ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေ လျော့ကျသွားသည့်နိုင်ငံ ၁၀ နိုင်ငံမှ ခရီးသည်များကိုသာ သီးခြားခွဲနေထိုင်ရန် မလိုအပ်ဘဲ နိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်ခွင့်ပြုရန် စီစဉ်ခဲ့သည်။

သို့သော် အခြားသောနိုင်ငံများက နိုင်ငံခြားသား ခရီးသွားများအား လာရောက်လည်ပတ်နိုင်စေရန် ကျန်းမာရေးစည်းမျဉ်းများကို ဖြေလျှော့ပေးလျက် ရှိသည့်အတွက် ထိုင်းအစိုးရကလည်း ကနဦး အစီအစဉ်ကို ပြောင်းလဲသတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံအတွင်း ရောဂါကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိသော်လည်း ယင်းအစီအစဉ်ကို ချမှတ်ရခြင်းမှာ အလွန်အန္တရာယ်များသည်ကို သိရှိပါကြောင်း ဝန်ကြီးချုပ် ချန်အိုချာက ဆိုသည်။ သို့သော် ထိုင်းနိုင်ငံအပါအဝင် အခြားသောနိုင်ငံများ သည်လည်း ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကို ကောင်းမွန်စွာ ကိုင်တွယ်ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲနေထိုင်သွားမည့် နည်းလမ်းကောင်းများကို လည်း လိုက်နာကျင့်သုံးရန်လိုအပ်ကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောသည်။



လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၉၇၂၇ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၈၂၁၅၇၉ ဦးရှိလာသည်။ အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၇၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၅၅၉ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၁၆ ဦး ထပ်မံတွေ့ရှိ



**ကွာလာလမ်ပူ အောက်တိုဘာ ၂၁**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရသူ ၅၅၁၆ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၄၀၇၃၈၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

ယခုဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူများ အနက် ၁၄ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၅၅၀၂ ဦးမှာ ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၇၆ ဦး ထပ်မံသေဆုံးသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၈၁၃၈ ဦး ရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၂၂၈၇၂၈၉ ဦးရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့လူနာ ၈၁၉၅၅ ဦးရှိပြီး ၎င်းတို့အနက် ၆၆၆ ဦးမှာ အထူးကြပ်မတ်ကုသဆောင်၌ ကုသမှုခံယူနေကာ ၃၂၉ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။ နိုင်ငံအတွင်းရှိလူဦးရေ ၇၇ ဒသမ ၄ ရာခိုင်နှုန်းမှာ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးဖြစ်၍ ၇၁ ဒသမ ၂ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီး ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# မွန်ဂိုလီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၄ ဦး ထပ်မံတွေ့ရှိ

**အူလန်ဘာတာ အောက်တိုဘာ ၂၁**

မွန်ဂိုလီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၄၄ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၄၄၇၃၆ ဦးရှိလာကြောင်း သိရသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၁၅၃၄ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုများ ပြန်လည်မြင့်တက် လာရခြင်းမှာ ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကြောင့်ဖြစ်ကြောင်း သိရသည်။

**နှစ်ကြိမ်ထိုးနှံပြီး**

လူဦးရေ ၆၅ ဒသမ ၇ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီး ဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမှ ကာကွယ်ရန်အတွက် နိုင်ငံသားများအား လူစုလူဝေးပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရန်၊ နှာခေါင်းစည်းဝတ်ဆင်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အပိုဆောင်း ထိုးနှံမှုခံယူရန် တာဝန်ရှိသူများက ညွှန်ကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွင်း ဆိုက်ဘာတိုက်ခိုက်မှုအရေအတွက် သန်း ၄၅၀ ကို တားဆီးခဲ့

**တိုကျို အောက်တိုဘာ ၂၁**

တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွင်း ဆိုက်ဘာတိုက်ခိုက်မှုအရေအတွက် သန်း ၄၅၀ ကို တားဆီးနိုင်ခဲ့ကြောင်း ၎င်းအားကစားပြိုင်ပွဲ စီစဉ်ကျင်းပသူများက ပြောကြားသည်။ ၎င်းဆိုက်ဘာတိုက်ခိုက်မှုများသည် တိုကျိုအိုလံပစ်ပြိုင်ပွဲနှင့် မသန်စွမ်းအားကစားပြိုင်ပွဲများအတွင်း သုံးစွဲသည့် ကွန်ပျူတာကွန်ရက်များအား ပစ်မှတ်ထား၍ ဆိုက်ဘာတိုက်ခိုက်ခဲ့ခြင်း ဖြစ်သော်လည်း အဆိုပါကွန်ပျူတာများ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမဖြစ်ခဲ့ကြောင်း သိရသည်။

ယခုတိုကျိုအိုလံပစ်ပြိုင်ပွဲများအတွင်း ကျူးလွန်သော ဆိုက်ဘာတိုက်ခိုက်မှု အရေအတွက်သည် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်အားကစားပြိုင်ပွဲအတွင်း ပြုလုပ်သော ဆိုက်ဘာတိုက်ခိုက်မှုအရေအတွက်၏ နှစ်ဆရှိကြောင်း သိရသည်။

အဆိုပါ ဆိုက်ဘာတိုက်ခိုက်မှုများအတွင်း သက်ဆိုင်ရာကွန်ပျူတာများ၏ အင်တာနက် စာမျက်နှာများအား ဖြတ်တောက်ရန် ကြိုးစားခြင်းအပါအဝင် ကွန်ပျူတာများ၏ လျှို့ဝှက်ကုဒ်နံပါတ်များကို မှန်းဆရယူ၍ အချက်အလက်များ ရယူရန် ကြိုးပမ်းခြင်းတို့ကို အဆိုပါ ဆိုက်ဘာတိုက်ခိုက်သူများက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ယခုကဲ့သို့ မသမာသူများက ဆောင်ရွက်သော ဆိုက်ဘာတိုက်ခိုက်မှုများကို မိမိတို့ အနေဖြင့် အချိန်မီ တားဆီးနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# အာဖရိက၌ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈ ဒသမ ၄၅ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ အောက်တိုဘာ ၂၁**

အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၄၅၀၄၆၄ ဦးရှိလာကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၂၁၆၂၆၄ ဦးရှိပြီး ရောဂါမှပြန်လည် သက်သာလာသူပေါင်း ၇၈၃၁၂၆၅ ဦး ရှိကြောင်း သိရသည်။

ဒေသအတွင်းရှိ နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရကြောင်း အာဖရိကရောဂါ ကာကွယ်ထိန်းချုပ်ရေး စင်တာက



ဆိုသည်။ ထို့ပြင် အာဖရိကတောင်ပိုင်း၌ ရောဂါကူးစက်မှု အများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှု ဒုတိယအများဆုံး ဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်းတစ်ထောင်ထိုးနှံပေးမှု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့



**နယူးဒေလီ အောက်တိုဘာ ၂၁**
အိန္ဒိယနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်းတစ်ထောင် (တစ်ဘီလီယံ) ထိုးနှံပေးမှု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက နယူးဒေလီမြို့ရှိ ဆေးရုံတစ်ရုံ၌ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံပြီး ၎င်းတို့၏ စွမ်းဆောင်ရည်များအပေါ် အသိအမှတ်ပြုပါကြောင်းနှင့် နိုင်ငံအတွက် ဂုဏ်ယူပါကြောင်း ချီးမွမ်းစကားဆိုသည်။

နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်ကို ယခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည်။

လက်ရှိတွင် အသက် ၁၈ နှစ်နှင့်အထက်ပြည်သူ ၃၀ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်ပြီး ယင်းတို့အနက် ၇၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်သည်။

မကြာမီအချိန်တွင် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၄ သန်းကျော်ရှိပြီး ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများအနက် အမေရိကန်နိုင်ငံပြီးနောက် ရောဂါကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ရောဂါကူးစက်မှုကြောင့် ပြည်သူ ၄၅၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ နိုင်ငံအတွင်း ရောဂါကူးစက်မှုအခြေအနေသည် အောက်တိုဘာလအစောပိုင်းမှစပြီး နေ့စဉ်ကူးစက်မှုအရေအတွက် ၂၀၀၀၀ အောက် လျော့နည်းလာလျက်ရှိသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၃၉ဦး ထပ်မံတွေ့ရှိ

**မော်စကို အောက်တိုဘာ ၂၁**
ရုရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၃၉ ဦး ထပ်မံတွေ့ရှိရပြီး ၎င်းအရေအတွက်သည် နေ့စဉ် ဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် အမြင့်ဆုံးအဖြစ်စံချိန်တင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ယနေ့ ပြောကြားသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၁၃၁၁၆၄ ဦးရှိကြောင်း သိရသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်းမှာလည်း ၂၂၇၃၈၉ ဦးအထိ ရောက်ရှိလာခဲ့ပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ စုစုပေါင်း ၇၀၉၁၆၀၇ ဦးရှိလာကြောင်း သိရသည်။ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအများဆုံးဖြစ်သော မော်စကိုဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၄၅၆၈၁ ဦးရှိလာသည်။ နိုင်ငံအတွင်း လက်ရှိအချိန်တွင် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်၏ မျိုးစိတ်သစ်တစ်ခုဖြစ်သော AY 4.2 ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုများကို တွေ့ရှိရကြောင်း ရုရှားနိုင်ငံစားသုံးသူ အခွင့်အရေးဆိုင်ရာအဖွဲ့က ပြောကြားသည်။ AY 4.2 ဗီဇပြောင်းဗိုင်းရပ်စ်သည် ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ထက် ပိုမိုပြင်းထန်ကြောင်း ရုရှားနိုင်ငံစားသုံးသူ အခွင့်အရေးဆိုင်ရာအဖွဲ့မှ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ ကမေး ကာဖီဇော့စ်က ပြောသည်။

AY 4.2 ဗီဇပြောင်းဗိုင်းရပ်စ်သည်လည်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကဲ့သို့ပင် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လာစေကြောင်း ၎င်းက ပြောသည်။ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများထိန်းချုပ်နိုင်ရန်အတွက် နိုင်ငံအတွင်း လုပ်ငန်းဆောင်ရွက်ခြင်းများကို ခေတ္တရပ်နားထားရန်သမ္မတ ဗလာဒီမာပူတင်က ညွှန်ကြားသည်။



အဆိုပါညွှန်ကြားချက်အား နိုင်ငံအတွင်းရှိဒေသဆိုင်ရာတာဝန်ရှိသူများကိုလည်း လိုက်နာဆောင်ရွက်ရန် ထပ်မံညွှန်ကြားထားကြောင်း သိရသည်။ မော်စကိုမြို့၌မူ အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အတွင်း လုပ်ငန်းဆောင်ရွက်ခြင်းများကို ခေတ္တရပ်နားထားမည်ဖြစ်ပြီး ထိုကာလတွင် ကျောင်းများနှင့် ဈေးဆိုင်များ ပိတ်ထားမည်ဖြစ်ကြောင်း မော်စကိုမြို့တော်ဝန် ဆာဂျီ ဆိုဗရာနင်က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ




# ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၀ အထိ ရှစ်ရက်ဆက်တိုက် မြင့်တက်

**လန်ဒန် အောက်တိုဘာ ၂၁**
ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၀၀၀ အထိ မြင့်တက်လာသည်မှာ ရှစ်ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူများ မြင့်တက်လျက်ရှိခြင်းကြောင့် ကျန်းမာရေး စည်းမျဉ်းများ ထပ်မံတင်းကျပ်စွာ ချမှတ်ရန် လိုအပ်လျက်ရှိသော်လည်း ဗြိတိန်အစိုးရက လက်ရှိအချိန်အထိ စည်းမျဉ်းများ ထပ်မံတိုးမြှင့် ဆောင်ရွက်ခြင်းမရှိသေးကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၄၉၁၃၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခြင်းကြောင့် အခြားသော ဥရောပနိုင်ငံများထက်ပင် ရောဂါကူးစက်မှုအရေအတွက် ပိုမိုများပြားလျက်ရှိသည်။

လူဦးရေအများဆုံးနေထိုင်သည့် အင်္ဂလန်၌ ဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းအားလုံးနီးပါးကို ပြန်လည်ဖြေလျှော့ပြီးဖြစ်သည်။

သို့သော် ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသည့်အတွက် နိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ဖိအားပေးလျက်ရှိသည်။

ကျန်းမာရေးအာဏာပိုင်များကလည်း အစိုးရအနေဖြင့် ပိုမိုတင်းကျပ်သော ကျန်းမာရေးစည်းမျဉ်းများ ချမှတ်သင့်ကြောင်း တောင်းဆိုလျက်ရှိသည်။ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ၌ နှာခေါင်းစည်းများဝတ်ဆင်ခြင်းနှင့် နေအိမ်မှ အလုပ်တာဝန်များ လုပ်ဆောင်ခြင်းစသည့် စည်းမျဉ်းများကို မဖြစ်မနေ ထုတ်ပြန်ကြေညာသင့်ကြောင်း ၎င်းတို့က ဆိုသည်။

ကျန်းမာရေးဝန်ကြီး ဆာဂျစ်ဂျာဗစ်က နိုင်ငံအတွင်းရောဂါကူးစက်မှု အခြေအနေများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အနီးကပ် စောင့်ကြည့်လျက်ရှိကြောင်းနှင့် ဗိုင်းရပ်စ်ကာကွယ်ရေးအစီအစဉ် (ဘီ)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

လက်ရှိတွင် ရောဂါကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိသော်လည်း အဆိုပါရောဂါကြောင့် သေဆုံးသူနှင့် ရောဂါပြင်းထန်စွာခံစားရသူအရေအတွက် မြင့်တက်လာခြင်းမရှိသေးကြောင်း ဝန်ကြီး ဂျာဗစ်က ဆိုသည်။

ထို့ပြင် ကာကွယ်ဆေးအပိုထပ်ဆောင်းထိုးနှံမှုခံယူကြရန် ပြည်သူများအား ဝန်ကြီးဂျာဗစ်က တိုက်တွန်းပြောကြားသည်။

ဆောင်းဦးရာသီဝင်ရောက်လာသည့်အတွက် ရောဂါကူးစက်မှုနေ့စဉ်အရေအတွက် တစ်သိန်းအထိ မြင့်တက်လာနိုင်ကြောင်း ဝန်ကြီးဂျာဗစ်က ဆိုသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၆ ဦး ထပ်မံတွေ့ရှိ

**ဟန္နိုင်း အောက်တိုဘာ ၂၁**
ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၃၆ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၇၇၅၃၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၁၄၈၇ ဦးရှိကြောင်း သိရသည်။

ယခု ဗိုင်းရပ်စ်ထပ်မံကူးစက်ခံရသူများအနက် ၃၆၁၈ ဦးမှာ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများဖြစ်ပြီး ၁၈ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံတောင်ပိုင်းဒေသများ၌ ကိုဗစ်-၁၉ ရောဂါ လူအစုလိုက်အပြုံလိုက် ကူးစက်မှုများအား တွေ့ရှိခဲ့ရပြီး ဟိုချီမင်းမြို့၌ ၁၂၅၅ ဦး၊ ဘင်ဒေါင်းခရိုင်၌ ၄၈၃ ဦးနှင့် ဒွန်နိုင်းခရိုင်၌ ၃၉၀ အသီးသီး တွေ့ရှိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၇၉၈၁၂၄ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၆၈ ဒသမ ၈ သန်းကျော် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၄၂၉၇၂၈၉၆ ဦး | ၄၉၄၀၇၉၃ ဦး | ၂၂၀၂၂၀၀၄၉ ဦး |

# အမရပူရမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၆ သန်း သိမ်းဆည်းရမိ

**နေပြည်တော်  အောက်တိုဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ငွေကျပ် ၄ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၆ သန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စွယ်တော်ကားဝင်းရှိ Nissan Diesel ၁၀ ဘီးယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်မောင်း ရန်ပြေအေး (၄၄)နှစ်နှင့်အတူ ယာဉ်ပေါ်ရှိ ခရမ်းချဉ်သီးသေတ္တာများအတွင်း သို၀ှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ် ၄ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇၆ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်သယ်ဆောင်မည်ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



ရန်ပြေအေးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



သိဂီ(ခ)သိစီ၊ ဖြူဝင်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော်  အောက်တိုဘာ ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးညှင်းမြို့နယ် နန်းမားမြို့ နန်းခမ်းကျေးရွာနေ မန္တဲ့၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃ နာရီတွင် အရာတော်မြို့နယ် ဝါးတန်းကျေးရွာအုပ်စု ဝါးတန်းကျေးရွာအနီးတွင် မသိဂီ(ခ)သိစီ မောင်းနှင်ပြီး မဖြူဝင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၀၅ ပြားကို လည်းကောင်း။

အလားတူ အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့ သီလဝ(၂)ရပ်ကွက် စွယ်တော်လမ်းသွယ်၌ သန်းမင်းထိုက်မောင်းနှင်ပြီး စန်းစန်းဦး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက် လက်ခံလျက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၂၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ရှစ်ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာ သူ အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း လေးဦးတို့ကို လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါစစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၀-၂၀၂၂ သောကြာနေ့

**MRTV**

| | |
|---|---|
| ၀၆:၀၀ | [illegible] |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၄၅ | MRTV Travelogue |
| ၀၈:၄၅ | [illegible] |
| ၀၉:၃၀ | [illegible] |
| ၁၀:၀၀ | [illegible] |
| ၁၀:၃၀ | [illegible] |
| ၁၁:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '[illegible]' |
| ၁၅:၃၀ | [illegible] |
| ၁၆:၄၅ | [illegible] |
| ၁၇:၀၅ | NHK အစီအစဉ် '[illegible]' |
| ၁၇:၄၅ | Weekly Sports Info |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၄၅ | [illegible] |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '[illegible]' (အပိုင်း-၂၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်းကြေညာချက် |
| ၂၁:၀၀ | [illegible] MRTV [illegible] |

MRTV online www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**mitv**

| | |
|---|---|
| 07:01 | News |
| 07:25 | Global Partnership For Brighter Future: China Pavilion |
| 07:32 | Mingalar Su Taung (Kyawt Kay Khaing) |
| 07:38 | The Hills Of Phowintaung And Shwebataung |
| 08:01 | Dances of Myanmar: Myaung Zee (or) Hmong Traditional Dance Performed to the Song "Surviving Hardship" |
| 08:06 | Conflict & Solution Between Man & Elephant |
| 08:25 | Impressionist Myanmar Master Artist - U Lun Gywe |
| 08:41 | Swan Hein Cave |
| 09:01 | Myanmar's Entrepreneurs: Soe Moe Aung |
| 09:13 | Myanmar Childhood Games (Episode-2) |
| 09:22 | Myanmar Delicate Artistic Creations - Gem Stone Painting |
| 09:40 | Star Bean Production |
| 10:01 | Discovering Tribes: Pre Kayaw (Their Life and Customs) (Part-2) |

**MRTV** [illegible]

[illegible]

**MRTV** [illegible]

| | |
|---|---|
| ၀၆:၃၀ | [illegible] |
| ၀၆:၄၅ | [illegible] |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | [illegible] |
| ၀၈:၀၀ | [illegible] |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ... Education Channel ... [illegible]

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ



ကရင်ပြည်နယ် လှိုင်းဘွဲမြို့အတွင်းမှ သံဃာတော်တစ်ပါးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးနေစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေး ထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။


ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းရွှေဟော်မြို့၊ ကျောက်မဲမြို့နှင့် သီပေါမြို့တို့၌ ဒေသခံပြည်သူ ၁၀၁၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ဒေသခံပြည်သူ ၁၀၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း၌ ဒေသခံပြည်သူ ၄၅၀၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၂၁၅၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၇၆၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၈၉၈၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၄၈၂၀၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၀၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းများဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးနှင့် ကာကွယ်ဆေးလွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်နှင့် မိုင်းဆတ်မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၇၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၇၇၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၁၃၃၁၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၁၆၅၀၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၂၉၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံတွဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံပေးလျက်ရှိ



**သံတွဲ အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ဒုတိယအကြိမ်) ထိုးနှံခြင်းကို သံတွဲမြို့နယ်အတွင်းရှိ အသက် ၁၈ နှစ်ပြည့်ပြီးသူများနှင့် အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများအား ယနေ့ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သက်ဆိုင်ရာ ကျန်းမာရေးဌာန ဆေးထိုးစင်တာ ၁၀ ခုတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုအုပ်စုများအပြင် စေတနာပရဟိတအဖွဲ့၊ ဘုန်းတော်ကြီးများနှင့် သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိ စက်ရုံအလုပ်ရုံ ဝန်ထမ်းများ၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးဝန်ထမ်းများ၊ ဟိုတယ်၊ မိုတယ်/တည်းခိုခန်း၊ အစားအသောက်ဝန်ဆောင်မှုဝန်ထမ်းများ၊ ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဝန်ထမ်း၊ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံတကာဝင်ထွက်ပေါက်များတွင် တာဝန်ယူထားသောလုပ်ငန်းများမှဝန်ထမ်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်း/ကုန်ပစ္စည်းသိုလှောင်ရေးလုပ်ငန်းလုပ်ဆောင်သူ၊ အခြားလာရောက်ထိုးနှံသူများ၊ စားသောက်ကုန်ပစ္စည်းရောင်းချသူ၊ စားသောက်ဆိုင်များမှ ဝန်ထမ်းများ၊ ရွှေ့ပြောင်းလူအုပ်စုနှင့် ယာယီစခန်းများမှ ပြည်သူများ၊ မီခိုသူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများအား ထိုးနှံပေးလျက်ရှိကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက အနီးကပ်ကြီးကြပ်လျက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကာ စာရင်းပြုစုခြင်း၊ စာရင်းသွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# မနောမြေမှ ကချင်သွေးချင်းတို့အတွက် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည့် လမ်းတံတားများ

**ချမ်းမြေ့မောင်**

၁၈၃၂ ခုနှစ်တွင် ဗြိတိသျှတို့သည် ယခုပူတာအို ဖြစ်သော ခန္တီးလုံဒေသကို သိမ်းပိုက်ခဲ့သည်။ ထို့နောက် ဗြိတိသျှအရေးပိုင် ဆင်မြူရယ်က လုပ်ခွန်စော်ဘွားမြို့ဖြစ်သော ပူတာအိုမြို့ကို အခြေပြု၍ ပူတာအိုစီရင်စုအဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ၄-၁-၁၉၄၈ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၆)အရ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနားခရိုင်တို့ကို ပေါင်းစပ်၍ ကချင်ပြည်နယ်အဖြစ် ၁၀-၁-၁၉၄၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ထိုနေ့ကို ကချင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခေါ်တွင်ခဲ့သည်။

ယခုအခါ ကချင်ပြည်နယ်တွင် ဆင်ဘို၊ ရှင်ဗွေယန်၊ ဆဒုံး၊ ကန်ပိုက်တီ၊ ပန်ဝါ၊ ဟိုပင်၊ ကာမိုင်း၊ နမ္မတီး၊ အင်းတော်ကြီး၊ နန့်မွန်း၊ နန်းမား၊ လွယ်ဂျယ်၊ ဒေါ့ဖုန်းယန်၊ မြို့လုနှင့် ပန်နန်းဒင်ဟူ၍ မြို့၁၅ မြို့အပြင် ခရိုင်လေးခရိုင်၊ မြို့နယ် ၁၈ မြို့နယ်၊ မြို့ ၃၃ မြို့၊ ရပ်ကွက်ပေါင်း ၁၇၈ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၈၇ အုပ်စု၊ ကျေးရွာပေါင်း ၂၅၀၇ ရွာ ရှိသည်။

ထိုသွေးချင်းတို့၏ ကချင်ပြည်နယ်တွင် နိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန ကချင်ပြည်နယ်လမ်းဦးစီးဌာနသည် လမ်းပေါင်း ၅၆ လမ်း၊ (မိုင်ပေါင်း ၂၁၈၀ မိုင် ၅ ဖာလုံ)နှင့် တံတားပေ ၁၈၀ အထက် တံတားကြီး ၆၄ စင်း၊ ပေ ၁၈၀ အောက် (Box Culvert အပါအဝင်)တံတား ၆၈၃၅ စင်း စုစုပေါင်းတံတား ၆၉၂၉ စင်းတို့ကို ဖောက်လုပ်တည်ဆောက် ထိန်းသိမ်းပြုပြင်ပေးလျက်ရှိသည်။

**သုံးနိုင်ငံအား ဆက်သွယ်၍ရသောတံတား**

ယင်းသို့ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ တံတားများကဏ္ဍတွင် ကချင်ပြည်နယ် လမ်းဦးစီးဌာနသည် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ လမ်းညွှန်မှုနှင့်အတူ တံတားဦးစီးဌာနအား ကြီးကြပ်၍ တံတားများတည်ဆောက်ပေးလျက်ရှိရာ ထိုတံတားများထဲမှ ဗလမင်းထင်တံတားသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီး ဧရာဝတီမြစ်ကိုဖြတ်၍ မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့သို့ ဆက်သွယ်ထားသောတံတားဖြစ်သည့်အပြင် တရုတ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ သုံးနိုင်ငံအား ဆက်သွယ်၍ရသောတံတားလည်း ဖြစ်သည်။ တံတားကြီး၏မြစ်အထက်ဘက် ၂၇ မိုင်ခန့်အကွာတွင် မေခနှင့် မလိခမြစ်တို့ပေါင်းဆုံရာ သာယာလှသော မြစ်ဆုံဒေသရှိသည်။ တံတားအရှည်မှာ ၂၆၈၈ ပေရှိပြီး ခံနိုင်ဝန်မှာ ၃၅ တန်ဖြစ်သည်။ ၁၉၉၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ပြီးစီးခဲ့ပြီး ၁၉၉၈ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။



နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းကို တွေ့ရစဉ်။

**စတင်အကောင်အထည်ဖော်**

တံတားသက်တမ်း ၂၅ နှစ် ကျော်ကြာမြင့်လာပြီဖြစ်သည့်အတွက် ကြံ့ခိုင်မှုအားနည်းလာခြင်း၊ ယာဉ်သွားလာမှုများပြားလာခြင်း၊ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး အဓိကလမ်းကြောင်းပေါ်တွင်တည်ရှိခြင်းကြောင့် တံတားခံနိုင်ဝန် ၇၅ တန်ရှိသော ခေတ်မီတံတားတစ်စင်းတည်ဆောက်ရန် လိုအပ်ချက်အရ မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်၌ ဗလမင်းထင်တံတားအမှတ်(၂)အား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁)မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုရန်ပုံငွေဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးတော့မည်ဟု သိရသည်။

တံတားအရှည်ပေမှာ ၃၂၁၂ ဒသမ ၀၉၉ ပေနှင့် တံတားအကျယ်မှာ ၃၄ ပေဖြစ်ပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်သည်။ နှစ်စဉ်ပြည်ထောင်စု၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တံတားပြီးစီးပါက ယာဉ်ကြောကျပ်တည်းမှုအား ဖြေလျှော့ပေးနိုင်ခြင်း၊ နယ်စပ်ကုန်သွယ်ရေးအတွက် ကုန်စည်များ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ နောင်တွင်ပေါ်ပေါက်လာမည့် စက်မှုဇုန်၊ စီးပွားရေးဇုန်များမှ ကုန်စည်များ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် ပြည်တွင်းပြည်ပသို့ ကုန်တင်ပို့နိုင်ခြင်း စသည်ဖြင့် ကချင်ပြည်နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူ ဖြစ်ပေါ်လာမည်ဖြစ်သည်။

**မငွေ့ဇတံတား**

၎င်းနောက် တံတားအမှတ်(၂/၁) မငွေ့ဇတံတားသည် မငွေ့ဇ-ခေါင်လန်ဖူးလမ်းပေါ်တွင် တည်ဆောက်နေလျက်ရှိပြီး အရှည်ပေ ၅၉၀၊ အကျယ် ၂၄ ပေ၊ တံတားခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်သည်။ ယခင်က ၎င်းနေရာတွင် ဂျစ်ကားကူးကြိုးတံတားသာရှိပြီး ယခု တံတားဆောက်ပြီးပါက ပူတာအိုမှ ခေါင်လန်ဖူးသို့ မော်တော်ယာဉ်များ သွားလာနိုင်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

တံတားအမှတ်(၆/၁၄၈)ဖုန်အင်တံတားသည် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းပေါ်တွင်တည်ရှိပြီး အရှည်၃၁၂ ပေ၊ အကျယ်၂၄ ပေဖြစ်သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး၎င်းတံတားတည်ဆောက်ပြီးပါက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ တံတားကြီးများအားလုံး သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ပြီးစီးမည်ဖြစ်သည်။ ယခင်တံတားဟောင်းမှာ ဘေလီတံတားဖြစ်၍ ခံနိုင်ဝန် ၁၃ တန်သာရှိပြီး ယခုသံကူကွန်ကရစ်တံတားသည် ခံနိုင်ဝန်တန် ၆၀ ဖြစ်ပြီး မြစ်ကြီးနားမှ ပူတာအိုသို့ ကုန်ကားကြီးများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

လမ်းများ ဖောက်လုပ်ခဲ့မှုကဏ္ဍတွင် မိုးမောက်-ကျောက်စခန်း-စိန်လုံ-လွယ်ဂျယ်လမ်း၊ အရှည်(၄၇/၄)မိုင်ရှိပြီး လက်ရှိတွင် ပြောင်းဖူးစေ့ကျောက်စီလမ်း အမျိုးအစားဖြစ်သည်။ ၎င်းလမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန် ဟုန်ရှင်းကျန်းဘကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ၎င်းလမ်းပြီးစီးသွားပါက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တယ်ဟုန်ပြည်နယ်ခွဲ လုံ့ချွန်ခရိုင် ကျန်ဖုန်းမြို့နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့တို့သည် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ✤

**သွေးချင်းတို့ဌာနေ ကချင်မြေသည် ဝေးလံခေါင်သီသောဒေသဖြစ်သော်လည်း ပြည်မနှင့်မခြား တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်အစိုးရသည် အလေးထားဆောင်ရွက်လျက်ရှိသည်ကို ဖောက်လုပ်တည်ဆောက်ပေးထားသော လမ်းတံတားများက သက်သေပြလျက်ရှိ**



ပူတာအို-မချမ်းဘော့လမ်းပေါ်မှ မလိခတံတား(မချမ်းဘော့)ကို တွေ့ရစဉ်။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားကားလမ်းမှ ဝိုင်းမော်မြို့တွင်းလမ်းကို တွေ့ရစဉ်။

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၁**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်း များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့ရှိ မွေတော်ပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် သထုံမြို့ရှိ ပုဗ္ဗာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အုတ်ပုံဆိပ်ရပ်ကွက်ရှိ သာသနာ့ပါလကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်စာစံပြကျေးရွာရှိ ပြင်စာမစိုးရိမ်တိုက်သစ်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းမကြီးကို တွေ့ရစဉ်။



မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းကို တွေ့ရစဉ်။

✤ စာမျက်နှာ ၁၆ မှ

မိုးကောင်း(ပါဟုတ်)-ကာမိုင်း-ဖားကန့်လမ်းသည် အရှည်(၅၃/၃)မိုင်ရှိပြီး B.O.T စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်တည်ဆောက်ရန် E.O.I ခေါ်ယူခဲ့သည်။ လျှောက်ထားလာသည့် ကုမ္ပဏီများအား B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးနိုင်ရန်အတွက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ၎င်းလမ်းပြီးစီးသွားပါက ကျောက်စိမ်းရတနာများရှိရာ ဖားကန့်ဒေသသို့ အချိန်တိုအတွင်း လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

**မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း**

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းသည် အရှည်(၂၁၈/၀)မိုင်ရှိပြီး ယခင်ကမြစ်ကြီးနားမြို့နယ်နှင့် ပူတာအိုမြို့နယ်အတွင်း၌သာ AC လမ်းနှင့် ကတ္တရာလမ်းအနည်းငယ်သာရှိပြီး ကျန်လမ်းပိုင်းများမှာ အမာခံလမ်းနှင့် မြေလမ်းအမျိုးအစားဖြစ်ခြင်းကြောင့် ဗွက်တန်းများဖြစ်ပေါ်ခဲ့ပြီး မြစ်ကြီးနားမှ ပူတာအိုသို့ ဆက်သွယ်သွားလာရာတွင် နှစ်ည၊ သုံးညအိပ်ခရီး သွားလာခဲ့ရသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း(၁၀၆/၄) မိုင်ခင်းနိုင်ခဲ့သည့်အတွက် မြစ်ကြီးနားမှ ပူတာအိုသို့ နေ့ချင်းပေါက်သွားလာနိုင်နေပြီဖြစ်ကြောင်း သိရသည်။

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းတွင် မြစ်ကြီးနား-ဗန်းမော် လမ်းပိုင်းသည် အရှည်(၁၁၆/၀)မိုင်ရှိပြီး မူလပြောင်းဖူးစေ့ကျောက်စီလမ်းအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ AC လမ်း(၆၂/၇)မိုင် ဆောင်ရွက်ခဲ့သည့်အတွက် ၎င်းလမ်းပိုင်းများပြီးစီးပါက ဗန်းမော်မှ လဂျားယန်အထိ၊ မြစ်ကြီးနားမှ နန်ဆန်ယန်အထိ AC/ကတ္တရာလမ်းအဖြစ် တစ်ဆက်တစ်စပ်တည်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။ နန့်မြစ်ခတံတားအား အရှည် ပေ ၃၂၀ လေးလမ်းသွားတံတားကြီးအဖြစ် လည်းကောင်း၊ ဝိုင်းမော်မြို့တွင်းလမ်းပိုင်းအား လေးလမ်းသွား AC လမ်းအဖြစ်လည်းကောင်း တည်ဆောက်ပေးနိုင်ခဲ့သည်ဟု သိရသည်။

**မံဝိန်း-ချီဖွေလမ်း**

မံဝိန်း-ချီဖွေလမ်းသည် ချီဖွေမြို့အထိ ၅၄ မိုင်အရှည်ရှိပြီး ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ညအိပ်ခရီး သွားလာခဲ့ရသော်လည်း ၂၀၁၇-၂၀၁၈၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်များတွင် တစ်လမ်းလုံး ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မြစ်ကြီးနားမှ ချီဖွေသို့ နေ့ချင်းပြန်ခရီးဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

မချမ်းဘော့-ဖရုခ-နောင်မွန်လမ်း (၆၁/၀)မိုင်သည် ပူတာအိုခရိုင်အတွင်းရှိ ခေါင်လန်ဖူး၊ နောင်မွန်ဒေသရှိ ဒေသခံပြည်သူများ၊ ပြည်သူ့ဝန်ထမ်းများ ဆက်သွယ်သွားလာရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် မူလမြေသားလမ်းအား အမာခံလမ်း၊ အမာခံလမ်းအား ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ၎င်းလမ်းပေါ်ရှိ အရှည် ပေ ၈၄၀ ရှိသော မလိခတံတား(မချမ်းဘော့)တံတားကြီးနှင့် အရှည်ပေ ၅၀၀ ရှိသော ရပ်ဘော့တံတားကြီး နှစ်စင်းအပြင် ကြိုးတံတားများဖြစ်သော ထီခကြိုးတံတားပေ ၄၀၀၊ ထာခတံတားပေ ၂၀၀၊ ကဆန်ခတံတားပေ ၃၀၀ တို့ကို သံကူကွန်ကရစ်တံတားကြီးများအဖြစ် တည်ဆောက်အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခင်က ပူတာအိုမှ နောင်မွန်အထိ သုံးညအိပ်ခရီးဖြင့် ခက်ခက်ခဲခဲ ဆက်သွယ်သွားလာခဲ့ရသော်လည်း ယခုအခါ မော်တော်ယာဉ်ဖြင့် နေ့ချင်းပြန်ခရီး ဆက်သွယ်သွားလာနိုင်ပြီဖြစ်သည်။

**နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း**

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းသည် ကချင်ပြည်နယ်အပိုင်းတွင် နမ္မတီးမိုင်(၀/၀)မှ တဂတ်ခအထိ စုစုပေါင်းမိုင်(၁၄၄/၁)မိုင်ဖြစ်ပြီး ယခင်က အမာခံလမ်း မြေလမ်းအမျိုးအစားများသာ ဖြစ်သည်။ ယခုအခါ AC လမ်း (၂၀/၀)မိုင်၊ ကွန်ကရစ်လမ်း(၁၁/၇)မိုင်၊ ကတ္တရာလမ်း(၇/၄)မိုင် ခင်းနိုင်ခဲ့သည့်အတွက် မြစ်ကြီးနားမှ တနိုင်း၊ ရှင်ဗွေယန်သို့ အဆင်ပြေချောမွေ့စွာသွားလာနိုင်ပြီး ကျန်ရှိသည့် အမာခံလမ်းပိုင်းများကိုလည်း နှစ်စဉ် ပြည်ထောင်စု/ပြည်နယ်ဘဏ္ဍာရန်ပုံငွေများဖြင့် ၁၈ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် ကချင်ပြည်နယ်လမ်းဦးစီးဌာနသည် ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားများအား ပြုပြင်ထိန်းသိမ်းပေးလျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း (၂၈ ဒသမ ၈၂ ကီလိုမီတာ)၊ ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းခြင်း (၈၂ ဒသမ ၀၃ ကီလိုမီတာ)၊ မူလ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (၁၉ ဒသမ ၅၅ ကီလိုမီတာ)၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၁၄ ဒသမ ၈၂၉ ကီလိုမီတာ)၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ၆၈ စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတားခြောက်စင်း တည်ဆောက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း (၁၅ ဒသမ ၆၃ ကီလိုမီတာ)၊ ၁၈ပေအကျယ် ကွန်ကရစ်ခင်းခြင်း (၈၉ ဒသမ ၅ ကီလိုမီတာ)၊ မူလ ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (၁၃ ဒသမ ၅၀ ကီလိုမီတာ)၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း(၁၅ ဒသမ ၆ ကီလိုမီတာ)၊ ပေ ၅၀အောက် ကွန်ကရစ်တံတား ၇၆ စင်း၊ ပေ ၅၀အထက် ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၂၄ ပေ၊ ၁၈ ပေအကျယ် AC ခင်းခြင်း (၃၅ ဒသမ ၇၈ ကီလိုမီတာ)၊ ၁၈ ပေ အကျယ် ကွန်ကရစ်ခင်းခြင်း (၈၅၀ ဒသမ ၃၁ ကီလိုမီတာ)၊ မူလ၁၂ ပေမှ ၁၈ ပေအကျယ် ကတ္တရာခင်းခြင်း (၁၄ ဒသမ ၃၉ ကီလိုမီတာ)၊ ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းခြင်း (၄ ဒသမ ၈ ကီလိုမီတာ)၊ ပေ ၅၀ အောက် ကွန်ကရစ်တံတား ၁၅၄ စင်း၊ ပေ ၅၀ အထက် ကွန်ကရစ်တံတားသုံးစင်း တည်ဆောက်ခဲ့သည်။ ၂၀၂၁-၂၀၂၂(မိနီ)ဘဏ္ဍာနှစ်တွင် AC လမ်းခင်းခြင်း (၂၆ ဒသမ ၃၇ ကီလိုမီတာ)၊ ကွန်ကရစ်လမ်းခင်းခြင်း (၁၉ ဒသမ ၃၇ ကီလိုမီတာ)၊ ကတ္တရာလမ်းချဲ့ခြင်း (၃ ဒသမ ၂၉ ကီလိုမီတာ)၊ ပေ ၅၀ အောက် တံတားအစင်း ၇၀ ၊ ပေ ၁၈၀ နှင့်အထက် တံတားသုံးစင်း တည်ဆောက်မည်ဟုသိရသည်။

အချုပ်အားဖြင့် တင်ပြရလျှင် သွေးချင်းတို့ဌာနေ ကချင်မြေသည် ဝေးလံခေါင်သီသောဒေသဖြစ်သော်လည်း ပြည်မနှင့်မခြား တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေးကို နိုင်ငံတော်အစိုးရသည် အလေးထားဆောင်ရွက်လျက်ရှိသည်ကို ဖောက်လုပ်တည်ဆောက်ပေးထားသော လမ်းတံတားများက သက်သေပြလျက်ရှိနေပါတော့သည်။ ။






## မိုင်းခုတ်မြို့၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံ

**မိုင်းခုတ် အောက်တိုဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်နှင့် အထက်ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ပထမအကြိမ် စတင်ထိုးနှံပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မိုင်းခုတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုရပ်ထားပြီး စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ပထမအကြိမ် ထိုးနှံပေးရာတွင် ကာကွယ်ဆေးအလုံးရေ ၆၀ ရရှိ၍ ကာကွယ်ဆေးတစ်လုံးလျှင် လူနှစ်ဦးနှုန်းဖြင့် ထိုးနှံပေးလျက်ရှိရာ မိုင်းခုတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူ ၈၀ နှင့် မိုင်းနင်းကျေးရွာအုပ်စု အခြေခံ ပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၀ တို့အား ပထမအကြိမ် စတင်ထိုးနှံပေးခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ထိုးနှံပေးရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အားချာ၊ အောင်လွင်ဌေး**

## ပေါင်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၁၆၅၈ ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးပထမအကြိမ် ထိုးနှံပြီးစီး

**ပေါင် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၉နာရီက အထက (ပေါင်)၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြု ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိုက်ထွန်းနှင့်အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ပေါင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ၂၄ ကျောင်း၊ အလယ်တန်းကျောင်း ၃၇ ကျောင်း စုစုပေါင်း ၆၁ ကျောင်းတွင်ရှိသည့် အထက်တန်းအဆင့်ကျောင်းသား ၁၆၃၂ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၆၅၃၄ ဦး စုစုပေါင်း ၈၁၆၆ ဦးကို Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်အထိ ကျောင်းသား ကျောင်းသူ ၁၆၅၈ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကာ ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဝဏ္ဏမောင် (ပြန်/ဆက်)**

## တောင်ကုတ်မြို့ အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ် ဆက်လက်ထိုးနှံ

**တောင်ကုတ် အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ကို အသက် ၁၂ နှစ်နှင့် အထက် ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၈နာရီခွဲမှ မွန်းတည့် ၁၂ နာရီထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီထိလည်းကောင်း ဂူတာရပ်ကွက်အထက(၂)မြို့မကျောင်းခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေးလျက်ရှိ**

ထိုသို့ အခြေခံပညာကျောင်းများ၌ စတင်ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော Sinovac အမျိုးအစား ဆေးဖြစ်ပြီး ပထမအကြိမ်အဖြစ် အခြေခံပညာကျောင်း ၁၇ ကျောင်း၌ ကာကွယ်ဆေးထိုးနှံနိုင်သူ ၅၈၇၄ ဦးအနက် ၄၇၃၀ အား ထိုးနှံပေးပြီးဖြစ်ရာ ယနေ့အထက(၂) မြို့မကျောင်း၌ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်ထိ စုစုပေါင်း ၇၄၀၊ အထက(ခွဲ)သွေးကျောက်၌ ၁၉၁ ဦးတို့အား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စန်းဝင်း (ပြန်/ဆက်)**





## ပန်းတနော်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ပန်းတနော် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းများ ရရှိလာစေရန်ရည်ရွယ်၍ အသက် ၁၂နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး(ပထမအကြိမ်) ထိုးနှံပေး လျက်ရှိရာ ယနေ့နံနက် ၉ နာရီက ဒေါဝါးကျေးရွာ အထက(ခွဲ) အခြေခံပညာ အထက်တန်းကျောင်း၌ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးဆန်းဗိုလ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

**ထိုးနှံပေး**

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ပန်းတနော်မြို့နယ်အတွင်းရှိ အလယ်တန်းနှင့် အထက်တန်းအဆင့် အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူဦးရေ ၁၀၈၆၃ ဦးတို့အား သက်ဆိုင်ရာ ကျန်းမာရေးဌာနခွဲတည်ရှိရာ ဆေးထိုးစုရပ် ၁၀ ခုတို့တွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန

**ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆောင်ရွက်ရမည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်**

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက် ထိုးနှံရန်၊

၂။ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးအထူးဂရုပြု နေထိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အကျင့်ကောင်းများကို စွဲမြဲစွာ ပြုမူနေထိုင်ရန်၊ အာဟာရပြည့်ဝသောအစားအစာများ စားသောက်ရန်၊

၃။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သော နှာခေါင်းစည်း(Mask)နှင့် မျက်နှာကာ(Face Shield)တို့ကို တပ်ဆင်ရန်၊ Air-con အသုံးပြုသော ကြိုပို့ယာဉ်များဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၄။ တစ်နေ့တာလိုအပ်မည့် အစာအာဟာရ (ထမင်း+မုန့်+ရေ)များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်၍ ယူဆောင်လာရန်၊

၅။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်းခံယူရန်၊ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်းစသည့် လက္ခဏာများဖြစ်လာပါက ကျောင်းအုပ်ကြီး(သို့) ဆရာများသို့ သတင်းပို့ရန်၊

၆။ တစ်စုံတစ်ခုကိုင်တွယ်ပြီးတိုင်း လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်၊ ဆပ်ပြာနှင့်ရေ အလွယ်တကူ မရနိုင်ပါက အယ်ကိုဟောလ် (၆၀%) နှင့်အထက်ပါဝင်သော လက်သန့်ဆေးရည်ကို အသုံးပြုရန်၊

၇။ အနည်းဆုံး (၆)ပေကွာ၍ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်ရန်၊

၈။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသောအမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်သည့် အလေ့အကျင့်ကောင်း စွဲစွဲမြဲမြဲဆောင်ရွက်ရန်၊

၉။ အိမ်သို့ရောက်သည်နှင့် ဝတ်ဆင်ခဲ့သောအဝတ်များကို ချက်ချင်းလဲလှယ်ရန်၊ မခါပါနှင့်၊ ချက်ချင်း ဆပ်ပြာနှင့် မိနစ်(၃၀)ကြာ စိမ်ပြီးနောက် လျှော်ဖွပ်သန့်စင်ရန်၊ ပြီးနောက် ရေချိုးရန်၊

# ထန်းတပင်မြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၅၂၉ ဦးတို့အား ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂၁**

ရန်ကုန်(မြောက်ပိုင်းခရိုင်) ထန်းတပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသည့် ကျောင်းသား ကျောင်းသူကလေးငယ်များအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို အောက်တိုဘာ ၁၇ ရက်မှ စတင်၍ မြို့နယ်အတွင်း သတ်မှတ်စုရပ်ကျောင်းများအလိုက် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။ အောက်တိုဘာ ၂၁ ရက်အထိ ပထမအကြိမ် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးလာရောက်ထိုးနှံခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၃၅၂၉ ဦးထိ ရှိပြီဖြစ်သည်။

ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင်လည်း အောက်တိုဘာ ၁၇ ရက်က စုရပ် ရှစ်နေရာတို့တွင် အခြေခံပညာကျောင်း ၁၇ ကျောင်းမှ ကျောင်းသား ၇၁၆ ဦးနှင့် ကျောင်းသူ ၇၃၆ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၄၅၂ ဦး၊ အောက်တိုဘာ ၁၈ ရက်က စုရပ်၁၂နေရာတို့တွင်အခြေခံပညာကျောင်း ၁၅ ကျောင်းမှ ကျောင်းသား ၇၂၆ ဦးနှင့် ကျောင်းသူ ၆၉၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၂၀၊ အောက်တိုဘာ ၁၉ ရက်က စုရပ်လေးနေရာတို့တွင် အခြေခံပညာကျောင်း ကိုးကျောင်းတို့မှ ကျောင်းသား ၂၉၆ ဦးနှင့် ကျောင်းသူ ၃၃၆ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၆၃၂ ဦးနှင့် အောက်တိုဘာ ၂၁ ရက်က အလက(သရက်ခြံ) ကျောင်းစုရပ်(၁) နေရာတွင် ကျောင်းသား ၁၂ ဦးနှင့် ကျောင်းသူ ၁၃ ဦး စုစုပေါင်း ၂၅ ဦးတို့ကို ကာကွယ်ဆေး ထိုးနှံခဲ့ကြကြောင်း သိရသည်။ အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ စုရပ်နေရာ ၂၅ နေရာတို့တွင် ကာကွယ်ဆေးထိုးနှံခဲ့ကြသည့် ကျောင်းသား ၁၇၅၀ နှင့် ကျောင်းသူ ၁၇၇၉ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၃၅၂၉ ဦးထိရှိကြောင်း သိရသည်။

**ထိုးနှံပေးလျက်ရှိ**

အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသည့် ကျောင်းသား ကျောင်းသူကလေးငယ်များအားကာကွယ်ဆေးထိုးနှံရာတွင်လည်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန့်ဇင်နှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိသည်။ ကာကွယ်ဆေးထိုးနှံမှုများကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ကြီးကြပ်မှုများဖြင့် ဆောင်ရွက်လျက်ရှိသလို ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိနေသည့် အခြေခံပညာကျောင်း ခြောက်ကျောင်းတို့မှ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်၍ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**



# ကံမမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးခြင်း တတိယနေ့ ဆက်လက်ထိုးနှံ

**ကံမ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်၌ အသက် ၅၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူများနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိနေသူများအား ဆေးထိုးစုရပ်အသီးသီး၌ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) ဒုတိယအကြိမ် ထိုးနှံပေးခြင်းကို တတိယနေ့အဖြစ် ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးထိုးနှံမှုမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှထုတ်လုပ်သော Sinopharm ဆေး ပထမအကြိမ်ထိုးနှံပြီးသူများအား ၂၈ ရက်ပြည့်မြောက်၍ ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်သည်။

ထိုသို့ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးခြင်းမပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကာကွယ်ဆေးထိုးနှံသူများ၏ အမည်စာရင်းဖြည့်သွင်းခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက သက်ကြီးဘိုးဘွားများအား ကူညီဆောင်ရွက်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# ပခုက္ကူမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၀၈၄ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီး

**ပခုက္ကူ အောက်တိုဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ကျောင်းနေအရွယ် ကလေးတိုင်း ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ဖို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးကြပါစို့ ဆောင်ပုဒ်နှင့်အညီ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၃၀၈၄ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးစီးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရာတွင် ပခုက္ကူမြို့နယ်အတွင်းရှိ မြို့ပေါ်အမှတ်(၁) နှင့် (၂)အခြေခံပညာအထက်တန်းကျောင်း၊ ကမ္မမြို့ အခြေခံပညာအထက်တန်းကျောင်း၊ မြစ်ခြေမြို့ အခြေခံပညာအထက်တန်းကျောင်း၊ ကျွန်းချောင်းကျေးရွာအခြေခံပညာအထက်တန်းကျောင်း၊ နန်းတော်ရပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဒွဲပြားကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဝါဇီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း စသည့် သတ်မှတ်ဆေးထိုးစုရပ်ရှစ်နေရာတို့တွင် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား အောက်တိုဘာ ၁၇ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၉ ရက်အထိ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၁၂၂ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၉၆၂ ဦး စုစုပေါင်း ၃၀၈၄ ဦးတို့ကို ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း၊ မြို့နယ်အတွင်း အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆၃၅ ဦးရှိပြီး ကျန်ရှိသည့် ကျောင်းသား ကျောင်းသူများကိုလည်း ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်သူထံမှ သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဆလိုင်းကိုကီး(ပြန်/ဆက်)**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**စနစ်တကျ လက်ဆေးစို့**



## ရန်ကုန်တိုင်းဒေသကြီးရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၅၃၁၇၉ ဦး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးဖြစ်

**ရန်ကုန် အောက်တိုဘာ ၂၁**
ရန်ကုန်တိုင်းဒေသကြီး၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၈၅၀၀ ကျော်အား အောက်တိုဘာ ၁၇ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၅၃၁၇၉ ဦးအား ကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**ကာကွယ်ဆေးထိုးနှံပေးခဲ့**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၇ ရက်တွင် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၁၂၁ ဦးနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၉၉၂ ဦး၊ အောက်တိုဘာ ၁၈ ရက်တွင် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၇၈၁ ဦးနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၀၆၆ ဦး၊ အောက်တိုဘာ ၁၉ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၈၁၀ နှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၅၀၉ ဦး၊ အောက်တိုဘာ ၂၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၅ ဦးနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၅၈ ဦး၊ ယနေ့တွင် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၆၄ ဦးနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၈၃ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ရာ ယနေ့အထိ ကာကွယ်ဆေးထိုးနှံပြီးစီးသည့် ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၅၃၁၇၉ ဦးရှိနေပြီဖြစ်ကြောင်း သိရသည်။

အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းကို အောက်တိုဘာ ၁၇ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိလည်းကောင်း၊ ဒုတိယအကြိမ် ထိုးနှံခြင်းကို နိုဝင်ဘာ ၁၃ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိလည်းကောင်း မိဘအုပ်ထိန်းသူများ၏သဘောတူခွင့်ပြုချက်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## အိုဇုန်းလွှာနှင့် ရာသီဥတု ကောင်းမွန်ဖို့ လက်တွဲညီညီ ဆောင်ရွက်စို့

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးခြင်း

လူမှုရေးဆိုင်ရာ အခက်အခဲများနှင့် ရင်ဆိုင်နေရသော လူမှုရေးဝန်ဆောင်မှု လိုအပ်သူများဖြစ်သည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးဆိုင်ရာပြဿနာများကို လူမှုရေးရာ ဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ အဆိုပါကိစ္စရပ်များ၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးမှုများကို လူမှုဝန်ထမ်းနည်းလမ်းများနှင့် ပံ့ပိုးမှုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရုံးချိန်အတွင်း တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်သူများအနေဖြင့် အဆိုပါဝန်ဆောင်မှုများကို ရယူလိုပါက တိုင်းဒေသကြီး/ပြည်နယ် အလိုက် ပူးတွဲပါ ဖုန်းနံပါတ်များသို့ နံနက်(၀၉:၃၀)နာရီမှ ညနေ(၁၆:၃၀)နာရီအထိ ခေါ်ဆိုရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လူမှုရေးဝန်ဆောင်မှု လိုအပ်သူများ၏ လူမှုရေးဆိုင်ရာပြဿနာများနှင့် ပတ်သက်၍ ဝန်ဆောင်မှုများရယူနိုင်မည့် တိုင်းဒေသကြီး / ပြည်နယ်လူမှုဝန်ထမ်းရုံးများမှ တယ်လီဖုန်းနံပါတ်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဝန်ဆောင်မှုပေးသည့် ဖုန်းနံပါတ်များ |
|---|---|---|
| ၁ | နေပြည်တော် | 09-889911155 |
| ၂ | ကချင်ပြည်နယ် | 09-661015555 |
| ၃ | ကယားပြည်နယ် | 09-889900022 |
| ၄ | ကရင်ပြည်နယ် | 09-889900033 |
| ၅ | ချင်းပြည်နယ် | 09-980000104 |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | 09-889900055 |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | 09-661065555 |
| ၈ | ပဲခူးတိုင်းဒေသကြီး | 09-889900077 |
| ၉ | မကွေးတိုင်းဒေသကြီး | 09-889900088 |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | 09-889900099 |
| ၁၁ | မွန်ပြည်နယ် | 09-889911177 |
| ၁၂ | ရခိုင်ပြည်နယ် | 09-889911188 |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | 09-661125555 |
| ၁၄ | ရှမ်းပြည်နယ် | 09-889911133 |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | 09-661145555 |

## ကျွန်းစုမြို့၌ အသက် ၁၂ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကျွန်းစု အောက်တိုဘာ ၂၁**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်လမ်းများရရှိစေရန်နှင့် ကာကွယ်ဆေး လွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးအတွက် အသက် ၁၂ နှစ်ပြည့်ပြီးသူ ကျောင်းသား ကျောင်းသူများအား ယနေ့နံနက် ၉ နာရီက ကတ္တလူကျေးရွာ၊ ကံမော်ကျေးရွာ၊ တာရပိုင်းကျေးရွာ၊ မဲတောကျေးရွာရှိ အခြေခံပညာကျောင်းများ၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်းသိရသည်။

**တိုက်တွန်းလို**

"သမီးက ကျောင်းဆက်တက်ရမယ်ဆိုတော့ ကာကွယ်ဆေးကို လာထိုးရတာဖြစ်ပါတယ်။ သမီးအမြင်မှာ ကိုဗစ်ဖြစ်ရင် ချောင်းဆိုးမယ်၊ နှာစေးမယ်၊ ခေါင်းမူးတာ၊ ခေါင်းကိုက်တာဖြစ်မယ်၊ ပြီးရင်နေမကောင်းဖြစ်မယ်၊ ဒီဝေဒနာတွေကို ပညာသင်ကြားနေတဲ့အချိန်မှာ မခံစားချင်လို့ ကာကွယ်ဆေးကို လာထိုးရတာဖြစ်ပါတယ်။ အခြားသူတွေကိုလည်း ကာကွယ်ဆေး လာရောက်ထိုးကြဖို့ တိုက်တွန်းလိုပါတယ်။ အခုလို ကာကွယ်ဆေးထိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်"ဟု အထက (ကတ္တလူ)ကျောင်းနေ မဟေသာမြင့်ဇော်က ပြောသည်။

ကျွန်းစုမြို့နယ်၌ အသက် ၁၂ နှစ်ပြည့်ပြီးသူ ကျောင်းသား



ကျောင်းသူများအတွက် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လူဦးရေ ၇၉၅၈ ဦးအတွက်ရရှိပြီး အောက်တိုဘာ ၂၀ ရက်အထိ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၁၉၁၆ ဦးရှိကာ ယနေ့တွင် အခြေခံပညာကျောင်းများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

## ငါ့သရောက်မြို့၌ မြေပဲအထွက်ကောင်းပြီး ဈေးကောင်းရရှိသဖြင့် တောင်သူများအဆင်ပြေ

**ငါ့သရောက် အောက်တိုဘာ ၂၁**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့၌ ယခုနှစ် မိုးရွာသွန်းမှုကောင်းမွန်သဖြင့် တောင်သူများ အားထားစိုက်ပျိုးသည့် ပင်ထောင်မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်းကောင်းသလို ဈေးကောင်းလည်းရရှိသည့်အတွက် တောင်သူများ အဆင်ပြေကြကြောင်း ဆည်ကျေးရွာရှိ မြေပဲစိုက်တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့နှင့် အနီးဝန်းကျင်ကျေးရွာများတွင် ပင်ထောင်ပဲ (ခေါ်) သုံးလမြေပဲကို အားထားစိုက်ပျိုးကြပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်နုတ်သိမ်းလျက်ရှိကြရာ မြေပဲတစ်တင်းကျစိုက်ပျိုးသည့် တောင်သူတစ်ဦးလျှင် အနည်းဆုံး မြေပဲတင်း ၃၀ မှ ၄၅ တင်း၊ တင်း ၅၀ အထိထွက်ရှိကြောင်းနှင့် မြေပဲဈေးနှုန်းမှာလည်း တစ်ပိဿာလျှင် ကျေးရွာပေါက်ဈေး ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၁၇၀၀ ကျပ်အထိလည်းကောင်း၊ မြေပဲအဆန်ဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၃၀၀၀ ဈေးအထိရရှိကြသဖြင့် တောင်သူများအတွက် တွက်ခြေကိုက်သည့်အပြင် အရောင်းအဝယ်ပြုလုပ်ကြသည့် နယ်လှည့် မြေပဲပွဲစားများမှာ အိမ်တိုင်ရာရောက် ဝယ်ယူလျက်ရှိကြရာ တောင်သူများ အချိန်ကုန်သက်သာ၊ လမ်းစရိတ်သက်သာခြင်းတို့ကြောင့် ယခုနှစ် မြေပဲစိုက်တောင်သူတိုင်း အဆင်ပြေကြကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဖြိုးဝေအောင်(ငါ့သရောက်)**



# မော်လမြိုင်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၌ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို

**မော်လမြိုင် အောက်တိုဘာ ၂၁**

မော်လမြိုင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရပ်နီး၊ ရပ်ဝေးမှ ဘုရားဖူးပြည်သူများစွာ လာရောက်ဖူးမြော်ကြည်ညို ကုသိုလ်ယူ တရားဘာဝနာပွားများ အားထုတ်လျက်ရှိသကဲ့သို့ ယနေ့တွင်လည်း ဘုရားဖူးပြည်သူများဖြင့် ဆက်လက်စည်ကားလျက်ရှိသည်။

**ဖွင့်လှစ်ပေးထား**

မော်လမြိုင်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ သိသာစွာ လျော့နည်းကျဆင်းမှုရှိသော်လည်း ကူးစက်မှုနှုန်း ဟန့်တားထိန်းချုပ်နိုင်ရေးနှင့် ကိုဗစ်-၁၉ ကာလ ပြည်သူများ စိတ်နှလုံးအေးချမ်းစွာ ကုသိုလ်ယူနိုင်ကြစေရန် တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများတွင် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပေးထားပြီး ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှု ဆောင်ရွက်မှုများရှိ သကဲ့သို့ မြန်မာလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည့် အခါကြီး၊ ရက်ကြီး နေ့ထူး၊ နေ့မြတ်များတွင်လည်း ဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများအား အာဟာရဒါန စတုဒိသာများဖြင့် မြို့နယ်အလိုက် ရပ်ကွက်/ကျေးရွာများ၌ ဧည့်ခံကျွေးမွေး ကုသိုလ်ယူကြသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ ပုသိမ်မြို့ တာဝတိံသာဘုရားဆင်းပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တာဝတိံသာဘုရားဆင်းပွဲတော်ကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညနေ ၆ နာရီက ကုသိနာရုံ ဘုရားဝင်းအတွင်း၌ ကျင်းပသည်။

**ပူဇော်ကျင်းပ**

ဤနေ့သည် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ပြုရာ နေ့ထူးနေ့မြတ်ဖြစ်ပြီး မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ အဘိဓမ္မာခုနစ်ကျမ်းကို ဟောတော်မူပြီးနောက် တာဝတိံသာနတ်ပြည်မှ ပဝါရနာပြု၍ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ပတ္တမြားစောင်းတန်းမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသည့်နေ့ဖြစ်သည့်အတွက် မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးများဖြင့် ပူဇော်ကျင်းပခြင်းဖြစ်ကြောင်း။

ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များကြောင့် ဘုရားပွဲကို ခမ်းနားစွာ မကျင်းပနိုင်သော်လည်း နှစ်စဉ်ပြုမြဲအတိုင်း ဘုရားရှင်ကို ဆီမီး၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

**ပေးဝေလှူဒါန်း**

ကုသိနာရုံဘုရားဝင်းအတွင်း၌ ဘုရားဖူး ဆီမီးပူဇော်သူများကို စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများရှိပြီးစက်တော်ရာဘုရားတွင်လည်း ဆီမီးတစ်ထောင်ပူဇော်ခြင်းနှင့် မုန့်ဖက်ထုပ်များ ပေးဝေလှူဒါန်းခြင်းများကို ယနေ့ညတွင် အလှူရှင်အသီးသီးတို့က ပြုလုပ်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

ထို့အပြင် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်နှင့် စက်တော်ရာဘုရား၊ ကုသိနာရုံဘုရားဝင်းတို့တွင် ဆီမီးကပ်လှူပူဇော်သူများဖြင့် စည်ကားလျက်ရှိသည်။

**ခရိုင်(ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့် ဘိုကလေးမြို့နယ် အောင်စကြာစေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် စည်ကား

**ဘိုကလေး အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ ရန်ပြေမာန်ပြေ အောင်စကြာစေတီတော်မြတ်ကြီးအား ကိုဗစ်-၁၉ ရောဂါ ကာလတွင် ဖူးမြော်ခွင့် ယာယီပိတ်ထားခဲ့ပြီး ဂေါပကအဖွဲ့များက သီတင်းကျွတ်လပြည့် နေ့ထူးနေ့မြတ်၌ ဖူးမြော်ခွင့် ပြန်လည်ခွင့်ပြုခဲ့ရာ ဘုရားဖူးများဖြင့် စည်ကားခဲ့သည်။

ရန်ပြေမာန်ပြေအောင်စကြာစေတီတော်မြတ်ကြီးသည် ဘိုကလေးမြို့နယ်၏ သမိုင်းဝင်စေတီတော်တစ်ဆူဖြစ်သည့်အတွက် သီတင်းကျွတ်လပြည့်ညပိုင်းတွင် မြို့ပေါ်မှ ဘုရားဖူးပြည်သူများအပါအဝင် ကျေးရွာအုပ်စုများမှ ဘုရားဖူးပြည်သူများပါ လာရောက်ဖူးမြော်ကြပြီး စေတီတော်မြတ်ကြီးအတွင်း ဆီမီး ၁၀၀၀ ပူဇော်သူများ၊ ဘုရား၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ကပ်လှူပူဇော်သူများ၊ ပရိတ်၊ ပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ကြသူများ၊ လိပ်စာ၊ ငါးစာ ဒါနပြုသူများဖြင့် စည်ကားခဲ့သည်။



စေတီတော်မြတ်ကြီးအနီး စတုဒိသာကျွေးမွေးမှုများလည်းရှိသည့်အတွက် ယခုနှစ် သီတင်းကျွတ်လပြည့်တွင် အောင်စကြာစေတီတော်မြတ်ကြီးနှင့် စေတီတော်ပတ်ဝန်းကျင်၌ များပြားစည်ကားခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ရပ်စောက်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အသင်းသားများသို့ စုဆောင်းငွေပေါ် အတိုးများပေးအပ်

**ရပ်စောက် အောက်တိုဘာ ၂၁**

ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားပြည်သူများ စားဝတ်နေရေးအဆင်ပြေစေရန်နှင့် ကျန်းမာရေးကိစ္စများ တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းပေးရန်အတွက် ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းက အသင်းသား ၁၁၇၄ ဦးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၏ စုဆောင်းငွေပေါ် အတိုး ငွေကျပ် ၂၁၂ ဒသမ ၈ သိန်းအား သက်ဆိုင်ရာဌာနနှင့် ကျောင်းကိုယ်စားလှယ်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နဝရတ်ကိုးသွယ်အငြိမ့် ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် အောက်တိုဘာ ၂၁**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေး အစီအစဉ်များကို တင်ဆက်လျက်ရှိရာ "နဝရတ်ကိုးသွယ်အငြိမ့်" ဖျော်ဖြေပွဲကို




အောက်တိုဘာ ၂၃ ရက်၊ စနေနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို စိုင်းလူမော်နှင့်အဖွဲ့(ဆိုင်း)၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး သိင်္ဂီအောင်၊ ရှေ့ထွက်မင်းသမီး အေးသဇင်မိုး၊ လူရွှင်တော်များဖြစ်ကြသည့် ပေါက်စီ၊ ညှပ်စိ၊ ရွှင်ပြုံးနှင့် ကောင်းဘွိုင်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို အောက်တိုဘာ ၂၇ ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲပိုင်းတွင် National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**



## မြောက်ဦးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်အထင်ကရ ဘုရား၊ ပုထိုး၊ စေတီတို့၌ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ထွန်းညှိပူဇော်သူများဖြင့် စည်ကား

**မြောက်ဦး အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်အတွင်းရှိအထင်ကရ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီတို့၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအနေဖြင့် ယမန်နေ့ညနေပိုင်းတွင် ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

### စည်ကားလျက်ရှိ

ထိုသို့ မြောက်ဦးမြို့ပေါ်ရပ်ကွက်များရှိ ပြည်သူများအနေဖြင့် ရှေးဟောင်းသမိုင်းဝင်ဘုရား၊ ပုထိုး၊ စေတီများဖြစ်သည့်ရန်အောင်ဇေယျ(ခေါ်)သျှစ်သောင်း ပုထိုးတော်ကြီး၊ ထုက္ကန်သိမ် ပုထိုးတော်ကြီး၊ ရတနာပုံစေတီတော်ရှိ အရံစေတီများ၌ သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့သမယ၌ မြို့ပေါ်ရပ်ကွက်နေပြည်သူများက ဗုဒ္ဓဘုရားရှင်အား ရည်မှန်းကာ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင် ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံလွှတ်တင်ခြင်း၊ သျှစ်သောင်းဘုရားသို့ လာရောက်ကြသော မိဘပြည်သူများက ဘုရားရေချမ်းအိုး ကပ်လှူပူဇော်ခြင်းများအား ပြုလုပ်ဆောင်ရွက်ခြင်းနှင့် အဆိုပါ ရှေးဟောင်းသမိုင်းဝင် ဘုရား၊ ပုထိုး၊ စေတီတို့၌ ဘုရားဖူးလာရောက်သူများနှင့် ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များ၊ လမ်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဌာနဆိုင်ရာရုံးများတွင်လည်း ရောင်စုံမီးလုံးများ ထွန်းညှိပူဇော်ခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဥ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ကျိုက္ခမီ ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ ဘုရားဖူးကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိ

**သံဖြူဇရပ် အောက်တိုဘာ ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားတွင် အလုပ်ပိတ်ရက်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့အထိ ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများက သစ်သီး၊ ဆီမီးနှင့်ပန်းတို့ကို ကပ်လှူပြီး ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ဘုရားဖူးလာပြည်သူများအား ဂေါပကအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျဖူးမြော်ကြရန် Hand Speaker များဖြင့် နှိုးဆော်လျက်ရှိပြီး မြို့နယ်လုံခြုံရေးတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘုရားဖူးပြည်သူများစိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သီတာဝင်း(ပြန်/ဆက်)**

■





## မအူပင်မြို့ရှိ ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရားနှင့် စိမ်းမြကန်သာဘုရားတွင် သီတင်းကျွတ်လပြည့်နေ့ ညနေပိုင်းက ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

**မအူပင် အောက်တိုဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ထင်ရှားသည့် ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရား၊ စိမ်းမြကန်သာဘုရားများ၌ အောက်တိုဘာ ၂၀ ရက် သီတင်းကျွတ်လပြည့်ညနေပိုင်းမှစတင်ပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေကြောင်း သိရသည်။

မအူပင်မြို့ရှိ ရွှေဘုန်းမြင့်ဘုရား၊ ပေါ်တော်မူဘုရား၊ စိမ်းမြကန်သာဘုရားများ၌ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ မြို့နယ်အနီးရှိ ဘုရားဖူးလာပြည်သူတို့ဖြင့် စည်ကားလျက်ရှိရာ ဘုရားဖူးလာပြည်သူများက ပန်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ဆက်ကပ်ပူဇော်လှူဒါန်းလျက်ရှိပြီး အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်ဘုရားတွင် စတုဒိသာများ ဝေငှလျက်ရှိကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တာဝန်ရှိသူထံမှသိရသည်။

**ခရိုင်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"မင်းနဲ့တွေ့ရတာ ကိုယ်ဖတ်ဖူးတဲ့ ပုံပြင်တစ်ပုဒ်ထဲကလိုပဲ။ စင်ဒရဲလားဆိုတဲ့ ပုံပြင်ထဲကလိုပဲ။ အဲဒီပုံပြင်ကို မင်းကြားဖူးသလားဟင်"

လျှောက်လာကြရင်း မောင်မောင်ဦး မေးသည်။

"ဟင့်အင်း မကြားဖူးဘူး"

"စင်ဒရဲလားဟာ မင်းလိုပဲပေါ့။ အချိန်အပိုင်းအခြားနဲ့ လူတွေအကြားမှာ နေနိုင်ခွင့်ရှိတယ်။ အချိန်စေ့တာနဲ့တစ်ပြိုင်နက် အိမ်ကို ကသုတ်ကရက်ပြန်ရတယ်။ မင်းလည်း သူ့လိုပါပဲကွယ်။ အိမ်ပြန်ဖို့လောက်ပဲ စိတ်စောနေတယ်"

ခြံတံခါးပေါက်သို့ ရောက်လာသည်။

ခွဲကြခါနီးတွင် တစ်ယောက်နှင့်တစ်ယောက် နမ်းရှုပ်မိကြသေးသည်။

"ကိုယ် ရန်ကုန်ရောက်ရင် ညီမဆီကို စာရေးမယ်"

"ဘယ်လိုလုပ်ရေးမှာလဲ"

"ဒီလိုလုပ်မယ်လေ။ မောင့်ဂုဏ်ရည် ဆံပင်ညှပ်ဆိုင်က တစ်ဆင့်ရေးမယ်။ မလုံးတင်ကို ဈေးအလာမှာ ဝင်ယူခိုင်းပေါ့"

"အင်း၊ အဲလိုဆိုရင် အဖြစ်နိုင်သားပဲ"

"လောကကြီးမှာ မဖြစ်နိုင်တာဆိုတာ မရှိပါဘူး။ ခက်တာနဲ့လွယ်တာပဲရှိတာပါ"

ခင်ခင်ကြီးသည် မလွယ်ပေါက်ကို ငုံ့ဝင်မည်ပြုပြီးမှ တစ်စုံတစ်ရာကို သတိရသလို မဝင်သေးဘဲရှိသည်။

"အစ်ကိုအရင်ပြန်၊ ခင်ကြီး အစ်ကို့ကို စောင့်ကြည့်နေချင်တယ်"

"ဟင့်အင်း ညီမကို ကိုယ်စောင့်ကြည့်နေမယ်"

"အစ်ကိုပဲ အရင်ပြန်ပါ။ အစ်ကို့ကို ညီမ ခွဲပြီး မပြန်နှင့်ချင်ဘူး။ အစ်ကိုအရင်ပြန်တာကိုပဲ ကြည့်ချင်တယ်"

သည်တော့လည်း မောင်မောင်ဦးသည် ခင်ခင်ကြီး၏စကားကြောင့် ဆန်းကြယ်သလိုရှိသွားသည်။

"နောက်တစ်ကြိမ် ပြန်မတွေ့ခင်အတွက် နှုတ်ဆက်ပါတယ် ညီမ"

သူက ခင်ခင်ကြီး၏ နဖူးပြင်ကို ခပ်ဖွဖွနမ်းသည်။

ထို့နောက် သူသည် ခင်ခင်ကြီးအပါးမှခွဲခွာသည်။ လမ်းမဘက်သို့ လျှောက်သွားသည်။

ခင်ခင်ကြီးသည် သူ့ကိုငေးကြည့်ရင်း ကျန်ခဲ့သည်။ သူ၏ အသွင်သဏ္ဌာန် နှင်းမှုန်အကြားမှာ ပျောက်ကွယ်သွားမှပင် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးရှိုက်ရင်း ခြံအတွင်းသို့ ပြန်ဝင်လာခဲ့သည်။

အိမ်မှာ တိတ်ဆိတ်ငြိမ်သက်နေမြဲပင်။

ခင်ခင်ကြီးသည် အိမ်အတွင်း ဝင်ရောက်လာခဲ့သည်။ ခြေဖွနင်းလျက်ကပင် သူ၏အခန်းသို့လာခဲ့သည်။ မည်သူမျှမနိုး။ မည်သူမှ သူ အပြင်ထွက်ခဲ့သည်ကို သိပုံမရ။

သို့နှယ်ဖြင့် အနှောင့်အယှက်မတွေ့ရဘဲ အခန်းထဲသို့ ပြန်ရောက်လာရသည်။ အိပ်ရာပေါ်သို့ လဲလျောင်းရင်း ဖြစ်စဉ်များကို ပြန်တွေးသည်။ အတွေ့အထိအလုံးစုံကို ပြန်လည်စဉ်းစားသည်။ ထိုအခါ ရင်မှာ ကြည်မြရခြင်းလည်းရှိသည်။ ဝမ်းနည်းကြေကွဲရခြင်းလည်း ရှိသည်။

သည်ကနေ့ညမှာတော့ ခင်ခင်ကြီးသည် ပင်ပန်းရခြင်း၊ နွမ်းနယ်ခြင်းများကြောင့် မြန်ဆန်စွာ အိပ်ပျော်သွားခဲ့ရပါသည်။

x x x x x

[၁၂]

သည်ကနေ့နံနက် အိမ်မှာ အခါတိုင်းထက် တိတ်ဆိတ်သည်။ အခါတိုင်းထက် ငြိမ်သက်သည်ဟု ခင်ခင်ကြီး ထင်ပါသည်။

အိပ်ရာမှ နိုးလာချိန်တွင် အတော်ပင် နေမြင့်နေပြီဖြစ်ကြောင်း မြင်ရသည်။ အိမ်အောက်ထပ်သို့ ဆင်းခဲ့သည်။ မေမေနှင့် ဘွားဘွားအပါအဝင် မလုံးတင်တို့လူသိုက်ကို မီးဖိုခန်းမှာ တွေ့ရသည်။ အားလုံး၏မျက်နှာများမှာ အကဲမရနိုင်အောင်ရှိသည်။ တစ်စုံတစ်ခုသောအကြောင်းဖြင့် မသာမယာရှိနေကြသည်။ တိတ်ဆိတ်စွာဖြင့် အသီးသီး သက်ဆိုင်ရာအလုပ်များကို လုပ်နေကြသည်။ ဤသည်ကို မြင်ရတွေ့ရလျှင် ခင်ခင်ကြီးမှာ မလုံမလဲဖြစ်ရသည်။ ရင်တုန်ရသည်။

ဖေဖေ့ကိုမမြင်ရ။ ထုံးစံအတိုင်း ရေနံတွင်းများဆီသို့ ထွက်သွားပြီဟု ထင်ရသည်။ ထမင်းစားချိန်တွင်မှ ပြန်လာလေတော့မည်။

မလုံးတင်ကို ကပ်၍ မေးရသည်။

"အိမ်မှာ ဘာဖြစ်နေသလဲမလုံး။ ခင်ကြီးနဲ့ ပတ်သက်နေသလားဟင်"

ကိုကိုသည် ဖေဖေနှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ထိုင်နေသည်။ ဖေဖေနှင့် ကိုကို၏ အနေအထားမှာ အပြစ်ကျူးလွန်ထားသော ကျောင်းသားတစ်ယောက် ကျောင်းဆရာ၏ ရှေ့မှောက်သို့ ရောက်နေရသည်နှင့် တူသည်။ ကိုကိုသည် ဖေဖေ့အား တစ်စုံတစ်ခုကိုရှင်းပြရန် သို့မဟုတ် ဆင်ခြေတက်ရန် ကြိုးစားလျက်ရှိ . . .

မလုံးတင်က လေသံမျှသော အသံဖြင့် ပြန်ပြောသည်။

"မောင်ညွှန့်နဲ့ ပတ်သက်တဲ့ကိစ္စပါ။ မောင်ညွှန့် ညက အိမ်ပြန်မအိပ်ဘူးတဲ့။ အဲဒါနဲ့ပတ်သက်ပြီး ခင်ကြီးတို့ဖေဖေက ဆူလို့ အခုလိုဖြစ်နေတာ"

သည်စကားကို ကြားရလေမှပင် ခင်ခင်ကြီး သက်ပြင်းရှိုက်မိသည်။ တော်ပါသေးရဲ့ဟု တွေးသည်။ စိတ်အေးသွားရသည်။ ခင်ခင်ကြီးသည် အလိုက်သိတတ်စွာဖြင့် မေမေ၊ ဘွားဘွားတို့အား အနှောင့်အယှက်မပေးတော့ဘဲ သူ၏ အိပ်ခန်းသို့ လာခဲ့သည်။ တစ်မနက်လုံး အိပ်ခန်းအောင်းနေသည်။

ရှစ်နာရီခွဲလောက်တွင် ကိုကို အိမ်သို့ပြန်ရောက်လာကြောင်း တွေ့ရသည်။ မရှေးမနှောင်းမှာပင် ဖေဖေ အိမ်သို့ပြန်ရောက်လာသည်။ ယင်းအချိန်တိုင် ခင်ခင်ကြီး အောက်ထပ်သို့ မဆင်းသေး။ အောက်ထပ်မှာ ဖေဖေနှင့် ကိုကိုတို့ မျက်နှာချင်းဆိုင်မိကြဟန်တူသည်။ အပြန်အလှန် စကားပြောသံများကို ကြားရသည်။ သည်တော့လည်း ခင်ခင်ကြီး အခန်းထဲတွင် မနေနိုင်တော့။ အပြင်သို့ထွက်ခဲ့သည်။ လှေကားထိပ်သို့လာသည်။ ထိုမှနေကာ အောက်ထပ်သို့ လှမ်းကြည့်လျှင် ဧည့်ခန်းကို အပေါ်စီးအနေအထားအရ တွေ့နိုင်သည်။ စကားသံများကို ကြားနိုင်သည်။

ကိုကိုသည် ဖေဖေနှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ထိုင်နေသည်။ ဖေဖေနှင့် ကိုကို၏ အနေအထားမှာ အပြစ်ကျူးလွန်ထားသော ကျောင်းသားတစ်ယောက် ကျောင်းဆရာ၏ ရှေ့မှောက်သို့ ရောက်နေရသည်နှင့် တူသည်။ ကိုကိုသည် ဖေဖေ့အား တစ်စုံတစ်ခုကိုရှင်းပြရန် သို့မဟုတ် ဆင်ခြေတက်ရန် ကြိုးစားလျက်ရှိကြောင်း မြင်ရပါသည်။

"ကျွန်တော် မေမေ့ကို ပြောသွားတာပါဖေဖေ။ သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားအိပ်မယ်လို့ အသေအချာ အခွင့်တောင်းပြီးမှ သွားတာပါ။ ဖေဖေ မယုံရင် မေမေ့ကို မေးကြည့်ပါ"

ကိုကို၏ စကား။

"မင်းကို ငါမေးနေတာက ဒါမဟုတ်ဘူး ခင်မောင်ညွှန့်။ ဘယ်အိမ်မှာ သွားအိပ်သလဲလို့ မေးနေတာ"

ဖေဖေ့အသံမှာ ကျယ်လောင်သည်။ မျက်နှာအနေအထားမှာလည်း ခက်ထန်နေသည်။

"ကျွန်တော် တွင်းကြီးမင်းစုက မောင်သက်ဖေတို့ အိမ်မှာ အိပ်ပါတယ်ဖေဖေ"

"တော်စမ်း ခင်မောင်ညွှန့်"

ကိုကို၏ စကားမဆုံးမီ ဖေဖေက ဖြတ်ပြောသည်။ အသံသည် ဧည့်ခန်းကို ဟည်းသွားမတတ် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသည်။ ဒေါသတကြီး အမူအရာဖြင့် ထိုင်ရာမှထရပ်လိုက်သည်။

ခင်ခင်ကြီးသည် ဘုရားတမိသည်။ ခုန်လာလေသောရင်ကို လက်ဖြင့် ဖိထားမိသည်။ ကိုကို မည်သို့သောပြစ်မှုကို ကျူးလွန်မိလို့ပါလိမ့်။ ကိုကို၏ပြစ်မှုမှာ အဘယ်မျှ ကြီးကျယ်လေ၍ ဖေဖေ စိတ်ဆိုးမာန်ဆိုးရှိနေရပါလိမ့် တွေးနေမိသည်။

"ဟောဒီလောကမှာ လိမ်တာ ညာတာလောက် မုန်းစရာကောင်းတာ မရှိတော့ဘူးလို့ ငါထင်တယ်။ လိမ်တဲ့ညာတဲ့လူကို ငါ သိပ်စက်ဆုပ်တယ်။ အခု မင်း ငါ့အမုန်းဆုံး အစက်ဆုပ်ဆုံးအလုပ်ကို လုပ်တယ်"

ကိုကို့ခေါင်းမှာ ငိုက်စိုက်ကျသွားသည်။ အသံလည်း ထွက်မလာလေတော့။

"မင်းစဉ်းစားကြည့်စမ်း ခင်မောင်ညွှန့်။ မင်းဟာ အဆင့်သုံးဆင့်တောင် လိမ်တယ်။ ပထမ မင်းရဲ့ မေမေကို လိမ်တယ်။ သူငယ်ချင်းအိမ် သွားအိပ်မယ်လို့ ပြောတယ်။ ဒုတိယ အဲဒီကိုသွားမအိပ်ဘဲ တခြားမှာ အိပ်တယ်။ တတိယ အခု ငါမေးတော့ တစ်ခါထပ်ပြီး သူငယ်ချင်းအိမ်မှာ အိပ်တယ်လို့ လိမ်ပြန်တယ်။ လူကြီးတွေကို မင်း ဘာလို့မှတ်နေသလဲ ခင်မောင်ညွှန့်။ နလပိန်းတုံးတွေလို့ ထင်နေတယ်ပေါ့။ ဟုတ်စ"

ကိုကိုသည် ယခုအခါမှစ၍ပြဿနာပေါ်လေပြီဟု ခင်ခင်ကြီးထင်သည်။ ကိုကိုနှင့်ပတ်သက်သည့် အရေးအခင်းကား ဖြစ်ခဲ့လေပြီ။ သည်တစ်ခါ ကိုကို အလှည့်။ ပြီးလျှင် မိမိအလှည့်လာလိမ့်မည်ဟု အထင်ရောက်မိသည်။

ဖေဖေ၏အသံ ဆက်လက်ထွက်ပေါ်လာသည်။

"မင်း ညက အေးကုန်းမှာ အိပ်တယ်မဟုတ်လား ခင်မောင်ညွှန့်"

ဖေဖေက တိုက်ရိုက်မေးလိုက်ခြင်းဖြစ်သည်။

ကိုကို၏မျက်နှာ မော့လာသည်။ မျက်နှာအနေအထားမှာ ဆုံးဖြတ်ချက်ချလိုက်သလို တင်းမာလာသည်။

"ဖေဖေ အမှန်အတိုင်းသိချင်ရင် ကျွန်တော် ပြောပါမယ်။ ဖေဖေပြောတာ ဟုတ်တယ်"

"အေး။ ဟုတ်တယ်။ မင်းညက အေးကုန်းက ကိုသာကျော်အိမ်မှာ အိပ်တယ်။ ဒါကို ငါ ဘာလို့ ပြောနိုင်သလဲ သိချင်သေးသလား။ မနက်က ငါ လမ်းလျှောက်ထွက်လာရင်း အဲဒီအိမ်ရှေ့မှာ မင်း မျက်နှာထွက်သစ်နေတာ တွေ့ရလို့ပဲ"

ဖေဖေသည် စကားကို ခေတ္တနားလိုက်သည်။ ကိုကို၏မျက်နှာကို စူးစိုက်ကြည့်သည်။ ပြီးမှ –

"မင်းကို မျက်နှာသစ်ရေခပ်ပေးတဲ့ မိန်းကလေးဟာ ကိုသာကျော်ရဲ့သမီးမဟုတ်လား" မေးသည်။

"ဟုတ်ပါတယ်"

ကိုကိုက အသံပြတ်ဖြင့်ဖြေသည်။

"မင်းနဲ့ သူနဲ့ ကြိုက်နေသလား"

"ဟုတ်ကဲ့"

ဖေဖေသည် အံ့ဩသွားဟန်အမူအရာကို တမင်လုပ်သည်။

"သူဟာ ဘယ်လိုအတန်းစားလဲဆိုတာ မင်းသိသလား ခင်မောင်ညွှန့်"

"သိပါတယ် ဖေဖေ။ သူတို့ဟာ ဆင်းရဲတယ်"

"ဟုတ်တယ်။ သိပ်ဆင်းရဲတယ်။ တို့နဲ့ဆိုရင် မယှဉ်သာအောင် ဆင်းရဲတယ်။ ဂုဏ်ချင်းရော၊ ခနချင်းရော အစစအရာရာမယှဉ်သာတဲ့ အောက်တန်းလွှာက မိန်းကလေးပဲ"

ကိုကိုသည် ခေါင်းကို ပြန်ငုံ့ထားလိုက်သည်။

"ဒီမိန်းကလေးမျိုးကိုမှ ရွေးပြီးကြိုက်တဲ့အတွက် မင်းကိုငါ ချီးမွမ်းသကွယ်"

ဖေဖေ၏အသံမှာ လှောင်သံပါလာသည်။ ခနဲ့သလို စကားဆိုသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၈၀၅ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၈၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၀-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၁-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၁၃,၈၀၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆၈၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၄ ဒသမ ၉၅) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၄,၆၈၇,၉၁၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၉၁,၅၈၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၀၂၁) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၄၄,၇၄၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၄၆၅) ဦးရှိပါသည်။

**ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှု ပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာ လိုက်နာကြရန်လိုအပ်မည်ဖြစ်ပြီး ထိုသို့လိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားစဉ် ကာလအတွင်း မိမိထံသို့ ကူးစက်ဖြစ်ပွားမှုမရှိစေရန်နှင့် မိမိမှတစ်ဆင့် အခြားသူများသို့ ဆက်လက်ကူးစက် ပြန့်ပွားမှုမရှိစေရန် နေ့စဉ်ဘဝတွင် ပြုမူနေထိုင်နိုင်သည့် New Normal အခြေအနေသို့ အမြန်ရောက်ရှိ နိုင်မည်ဖြစ်ပါသည်။**

- အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာနေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
- သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်သတင်းပေးပို့၍ လိုအပ်သည့် စစ်ဆေး ကုသမှုခံယူခြင်းနှင့် ရောဂါကူးစက်နိုင်သည့်ကာလအတွင်း မိမိနှင့် အနီးကပ်ထိတွေ့သူများအား

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၁-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၇၄)ခု | (၁၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၆)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၅၂)ခု | (၄၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၈)ခု | (၁၅)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၅)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၂)ခု | (၄၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၁,၃၆၈)ခု | (၅၆၂)ဦး |
| စုစုပေါင်း | (၁၃,၈၀၅)ခု | (၆၈၃)ဦး |

ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

- ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများကို ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း၊

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ **www.mohs.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၀၉၂၉၁၃ | ၃၅၈၁၄၃၂၆ | ၇၅၁၈၁၅ |
| ၂။ | အိန္ဒိယ | ၃၄၁၃၈၆၉၀ | ၃၃၅၀၁၂၃၁ | ၄၅၃၀၀၅ |
| ၃။ | ဘရာဇီး | ၂၁၆၈၀၄၈၉ | ၂၀၈၆၁၀၅၅ | ၆၀၄၃၀၃ |
| ၄။ | ဗြိတိန် | ၈၅၈၉၇၃၇ | ၇၀၂၈၇၁၁ | ၁၃၉၀၃၁ |
| ၅။ | ရုရှား | ၈၁၃၁၁၆၄ | ၇၀၉၁၆၀၇ | ၂၂၇၃၈၉ |
| ၆။ | တူရကီ | ၇၇၄၄၁၃၉ | ၇၁၇၂၄၆၀ | ၆၈၂၇၄ |
| ၇။ | ပြင်သစ် | ၇၁၀၂၀၇၉ | ၆၈၉၆၀၅၆ | ၁၁၇၃၇၆ |
| ၈။ | အီရန် | ၅၈၃၃၅၂၅ | ၅၃၇၅၄၇၅ | ၁၂၄၇၆၃ |
| ၉။ | အာဂျင်တီးနား | ၅၂၇၅၉၈၄ | ၆၁၄၁၂၈၈ | ၁၁၅၇၇၀ |
| ၁၀။ | စပိန် | ၄၉၉၃၂၉၅ | ၄၈၄၄၄၉၁ | ၈၇၀၈၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၃၇၈၃၄ | ၄၀၇၉၁၂၀ | ၁၄၃၁၂၀ |
| ၂။ | ဖိလစ်ပိုင် | ၂၇၄၀၁၁၁ | ၂၆၃၃၀၃၉ | ၄၁၂၃၇ |
| ၃။ | မလေးရှား | ၂၄၀၇၃၈၂ | ၂၂၉၇၂၈၉ | ၂၈၁၃၈ |
| ၄။ | ထိုင်း | ၁၈၂၁၅၇၉ | ၁၆၉၉၉၃၄ | ၁၈၅၅၉ |
| ၅။ | ဗီယက်နမ် | ၈၇၇၅၃၇ | ၇၉၈၁၂၄ | ၂၁၄၈၇ |
| ၆။ | မြန်မာ | ၄၉၁၅၈၄ | ၄၄၄၇၄၀ | ၁၈၄၆၅ |
| ၇။ | စင်ကာပူ | ၁၅၈၅၈၇ | ၁၃၀၂၈၆ | ၂၆၄ |
| ၈။ | ကမ္ဘောဒီးယား | ၁၁၇၃၅၂ | ၁၁၂၀၅၆ | ၂၇၀၄ |
| ၉။ | လာအို | ၃၃၉၉၈ | ၂၆၉၆၄ | ၄၉ |
| ၁၀။ | ဘရူနိုင်း | ၁၁၅၄၂ | ၈၈၇၄ | ၇၉ |

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကိုလိုက်နာစို့**

## ၁၉၅၈ ခုနှစ်နောက်ပိုင်း လက်စတာအသင်းနဲ့အတူ ပွဲစဉ်တစ်ခုအတွင်း လေးဂိုးသွင်းတဲ့ ပထမဆုံးကစားသမားဖြစ်လာတဲ့ ပက်ဆန်ဒါကာ




အောက်တိုဘာ ၂၀ ရက်ညပိုင်းက စပါးတက်မော်စကိုအသင်းနဲ့ လက်စတာစီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရိုပါလိဂ်ပွဲစဉ်မှာ စပါးအသင်းဟာ စပါးတက်မော်စကိုအသင်းကို လေးဂိုး–သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်မှာ လက်စတာစီးတီးအသင်းအတွက် သွင်းဂိုးလေးဂိုးစလုံးကို တိုက်စစ်မှူး ပက်ဆန်ဒါကာတစ်ဦးတည်းကပဲ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပက်ဆန်ဒါကာအနေနဲ့ အခုလို လက်စတာစီးတီးအသင်းနဲ့အတူ ပွဲစဉ်တစ်ခုတည်းမှာ လေးဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းဟာ ၁၉၅၈ ခုနှစ်နောက်ပိုင်း လက်စတာစီးတီးအသင်းအတွက် ပွဲစဉ်တစ်ခုတည်း လေးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်နိုဝင်ဘာလအတွင်းက အက်စ်တွန်ဗီလာအသင်းနဲ့ပွဲစဉ်မှာ ဒီရက်ခ် ဟီနက်စ်က လက်စတာစီးတီးအသင်းအတွက် ပွဲစဉ်တစ်ခုတည်းမှာ လေးဂိုးသွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ပက်ဆန်ဒါကာဟာ လက်စတာစီးတီး ပထမအသင်းမှာ ပွဲထွက်ကစားခွင့်ရရှိဖို့ အခက်တွေ့ခဲ့ရပေမယ့် လက်ရှိမှာတော့ ပွဲထွက်ကစားခွင့်ရရှိဖို့ အခွင့်အလမ်းတစ်ရပ်ရရှိခဲ့ပြီဖြစ်ပါတယ်။ လက်စတာစီးတီးအသင်းဟာ ဇမ်ဘီယာကြယ်ပွင့် ပက်ဆန်ဒါကာကို ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဆဲလ်ဘတ်အသင်းဆီကနေ ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းက မန်ယူအသင်းကို လေးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာလည်း ပက်ဆန်ဒါကာဟာ လက်စတာစီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

---

## ဖာတီကို ဘာစီလိုနာအသင်းက ခြောက်နှစ်သက်တမ်းရှိ စာချုပ်သစ်ချုပ်ဆို



စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းရဲ့ အခုနှစ်ဘောလုံးရာသီ ပထမဆုံးချန်ပီယံလိဂ်နိုင်ပွဲရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဖာတီကို ဘာစီလိုနာအသင်းက ခြောက်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။

အသက် ၁၈ နှစ်အရွယ် တိုက်စစ်မှူး ဖာတီဟာ ယခုနှစ်ဘောလုံးရာသီမှာ ဘာစီလိုနာအသင်းရဲ့ နာမည်ကြီးကစားသမား လီယွန်နယ်မက်ဆီ ဝတ်ဆင်ခဲ့တဲ့ ကျောနံပါတ် ၁၀ ကို ဝတ်ဆင်ကစားခဲ့သူဖြစ်ပြီး အောက်တိုဘာ ၂၀ ရက်ညပိုင်းက ဘာစီလိုနာအသင်းက ဒိုင်နမိုကိဗ်အသင်းကို တစ်ဂိုး–ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဘာစီလိုနာအသင်း နိုင်ပွဲရရှိရေးအတွက် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဝါရင့်နောက်ခံလူ ပီကေးက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဖာတီဟာ ဘာစီလိုနာအသင်းနဲ့အတူ ခြောက်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တာဖြစ်တဲ့အတွက် ၂၀၂၇ ခုနှစ်ရောက်မှ စာချုပ်သက်တမ်းကုန်ဆုံးမှာလည်း ဖြစ်ပါတယ်။ ဘာစီလိုနာအသင်းဟာ အသက် ၁၈ နှစ်အရွယ် ပက်ဒရီကို စာချုပ်သစ်ချုပ်ဆိုခဲ့ပြီးဖြစ်တာကြောင့် တိုက်စစ်မှူး ဖာတီဟာ ဘာစီလိုနာအသင်းနဲ့အတူ သီတင်းတစ်ပတ်အတွင်း စာချုပ်သစ်ချုပ်ဆိုခဲ့တဲ့ ဒုတိယမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူး ဖာတီဟာ ဘာစီလိုနာအသင်းနဲ့အတူ ၄၇ ပွဲ ပါဝင်ကစားပေးထားရာမှာ သွင်းဂိုး ၁၅ ဂိုးသွင်းယူပေးထားတာ ဖြစ်ပါတယ်။



## ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးအဖြစ် အာစင်ဝင်းဂါးရဲ့ ချီးကျူးမှုခံခဲ့ရတဲ့ မိုဟာမက်ဆာလာ

အာဆင်နယ်အသင်းနည်းပြဟောင်း အာစင်ဝင်းဂါးဟာ လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာကို ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတစ်ဦးဖြစ်တယ်လို့ ချီးကျူးစကားဆိုခဲ့ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ အောက်တိုဘာ ၂၀ ရက်နံနက်ပိုင်းက လီဗာပူးအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး–နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ လီဗာပူးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို သွင်းယူနိုင်ခဲ့တာကြောင့် လီဗာပူးအသင်းရဲ့ သမိုင်းတစ်လျှောက်မှာ ကိုးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။ အဲဒီလို ကိုးပွဲဆက်တိုက် ဂိုးမသွင်းနိုင်မီကတည်းက မိုဟာမက်ဆာလာကို အာစင်ဝင်းဂါးက ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးအဖြစ် အကဲဖြတ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

မိုဟာမက်ဆာလာဟာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ပွဲစဉ်မှာ သွင်းယူခဲ့တဲ့သွင်းဂိုးတွေကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လီဗာပူးအသင်းနဲ့အတူ စံချိန်တင်ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်ရဲ့ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့တာဖြစ်ပါတယ်။

**စုစုပေါင်း ၃၁ ဂိုး သွင်းယူထား**

လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျရတ်ဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စုစုပေါင်းသွင်းဂိုး ၃၀ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပြီး လက်ရှိမှာ မိုဟာမက်ဆာလာက ချန်ပီယံလိဂ်သွင်းဂိုး စုစုပေါင်း ၃၁ ဂိုး သွင်းယူထားတာဖြစ်ပါတယ်။

အာစင်ဝင်းဂါးက တိုက်စစ်မှူး မိုဟာမက်ဆာလာကို ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးအဖြစ် ချီးကျူးခဲ့သလို လီဗာပူးအသင်းနည်းပြ ကလော့ကလည်း ပြီးခဲ့တဲ့တစ်ပတ်အတွင်းက လီဗာပူးအသင်းနဲ့ ဝက်ဖို့ဒ်အသင်းတို့ပွဲစဉ်မှာ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ လက်ရှိမှာ ကမ္ဘာ့အကောင်းဆုံးကစားသမားဖြစ်တယ်လို့လည်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။

---

- **မန်စီးတီးအသင်းနဲ့ မန်ယူအသင်းတို့ဟာ လိုက်ပ်ဇစ်အသင်းမှ စပိန်တိုက်စစ်မှူး ဒန်နီအိုလ်မိုကို ခေါ်ယူဖို့ ဘာစီလိုနာအသင်းနဲ့အပြိုင် ကြိုးပမ်းသွားဖို့ရှိနေတယ်လို့ သိရပါတယ်။**
- **အက်သလက်တီကိုမက်ဒရစ်အသင်းမှ အင်္ဂလန်နောက်တန်းကစားသမား ထရစ်ပီယာဟာ ပရီမီယာလိဂ်မှာ ပြန်လည်ကစားဖို့ဆန္ဒရှိနေတာကြောင့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုတွေပြုလုပ်ခဲ့တယ်လို့ သိရပါတယ်။**
- **လီဗာပူးအသင်းမှ အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ တစ်ပတ်လုပ်ခလစာပေါင်လေးသိန်းနဲ့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။**
- **လိဒ်ယူနိုက်တက်အသင်းနဲ့ နယူးကာဆယ်အသင်းတို့ဟာ ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ရို့စ်ဘာကလေကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။**
- **ပီအက်စ်ဂျီအသင်းဟာ တိုက်စစ်မှူး အမ်ဘတ်ပီရဲ့နေရာမှာ အစားထိုးဖို့ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝန်ဒိုစကီးနဲ့ ဒေါ့မွန်တိုက်စစ်မှူး ဟာလန်းတို့ကို ခေါ်ယူဖို့စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။**

ငွေကြယ် – ရေးသားသည်

---

## အိုလက်ဆန်းဒါးယူဆစ်နဲ့ ပြန်လည်ထိုးသတ်ဖို့ မိုက်တိုင်ဆန်ရဲ့ နည်းပြဟောင်းနဲ့အတူ လေ့ကျင့်နေတဲ့ အန်သော်နီဂျိုရှူယာ




လက်ဝှေ့လောကရဲ့ နာမည်ကြီးကစားသမားတစ်ဦးဖြစ်တဲ့ ဗြိတိန်လက်ဝှေ့ကျော် အန်သော်နီဂျိုရှူယာဟာ အိုလက်ဆန်းဒါးယူဆစ်နဲ့ ပြန်လည်ထိုးသတ်ဖို့အတွက် မိုက်တိုင်ဆန်ရဲ့ နည်းပြဟောင်းတစ်ဦးနဲ့အတူလေ့ကျင့်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

အန်သော်နီဂျိုရှူယာဟာ ယူကရိန်းလက်ဝှေ့ကျော် အိုလက်ဆန်းဒါးယူဆစ်နဲ့ ပြန်လည်ထိုးသတ်ဖို့ စီစဉ်နေတာဖြစ်တာကြောင့် မိုက်တိုင်ဆန်ရဲ့ နည်းပြဟောင်းဟာ သူ့ရဲ့လက်ရှိနည်းပြ ရော့ဘ်မက်ခရက်ကန် ထက်ပိုမိုကောင်းမွန်တဲ့နည်းပြအဖြစ် ရှုမြင်ထားပြီး ရော့ဘ်မက်ခရက်ကန်နဲ့ လမ်းခွဲဖို့လည်း စီစဉ်နေတာ ဖြစ်ပါတယ်။

အန်သော်နီဂျိုရှူယာဟာ ပြီးခဲ့တဲ့လက ဟဲဗီးဝိတ်ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲမှာ အိုလက်ဆန်းဒါးယူဆစ်ကို ရှုံးနိမ့်ပြီးကတည်းက အမေရိကန်နိုင်ငံမှာပဲ ဆက်ရှိနေခဲ့သူ ဖြစ်ပါတယ်။

## အနုပညာ

### လကမ္ဘာနှင့် မားစ်ဂြိုဟ်တို့မှာ နောက်ထပ်ရိုက်ကူးမည့်နေရာဖြစ်လာနိုင်ကြောင်း ရုရှားအာကာသရုပ်ရှင်ဒါရိုက်တာ ပြောကြား

ရုရှားဒါရိုက်တာ ကလင်ရှီပန်ကာဟာ အာကာသအတွင်း ရုပ်ရှင်သွားရောက်ရိုက်ကူးခဲ့ပြီးနောက် လတ်တလောမှာ ကမ္ဘာမြေကို ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်ပါတယ်။ သူက နောက်ထပ်ရိုက်ကူးသွားမယ့်နေရာတွေဟာ မားစ်ဂြိုဟ်နဲ့ လကမ္ဘာပေါ်မှာ ဖြစ်နိုင်ကြောင်း လတ်တလောမှာ ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကလင်ရှီပန်ကာဟာ သူ့ရဲ့ ရုပ်ရှင်ကို နိုင်ငံတကာအာကာသ စခန်းမှာ သွားရောက်ရိုက်ကူးခဲ့တာပါ။ အဆိုပါစခန်းမှာ ၁၂ ရက်ကြာ ရိုက်ကူးခဲ့ပြီးနောက် ကမ္ဘာမြေကို ပြန်လည်ရောက်ရှိလာတဲ့ ကလင်ရှီပန်ကာက အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲတစ်ခုမှာ သူနောက်ရိုက်ကူးမယ့် အစီအစဉ်တွေနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာပါ။ သူက ယခုလို အာကာသအတွင်း ရုပ်ရှင်ရိုက်ကူးနိုင်ခဲ့တာကြောင့် ရုပ်ရှင်လောကရဲ့ ဖြစ်နိုင်စွမ်းနဲ့ ပတ်သက်တဲ့ သူ့ရဲ့ စိတ်ကူးတွေကို ပြောင်းလဲနိုင်ကြောင်းလည်း ဆိုပါတယ်။ ဒါ့အပြင် သူက တစ်ချိန်မှာ လကမ္ဘာနှင့် မားစ်ဂြိုဟ်တို့ဟာ သူရုပ်ရှင်ရိုက်ကူးမယ့်နေရာတွေ ဖြစ်လာနိုင်တယ်လို့ အွန်လိုင်းကနေတစ်ဆင့် ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ဖြေကြားခဲ့ပါတယ်။ သူက နောင်ရိုက်ကူးမယ့် ရုပ်ရှင်ဟာ လကမ္ဘာအကြောင်းဖြစ်ပါက လကမ္ဘာသို့ သွားရန် အသင့်ဖြစ်ကြောင်း၊ အကယ်၍ မားစ်ဂြိုဟ်အကြောင်းဖြစ်ပါက ၎င်းဂြိုဟ်သို့ သွားရောက်ရိုက်ကူးဖို့ အသင့်ဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။



(ဝဲမှယာ) မင်းသမီး ယူလီယာ ပီစီဒ်၊ ရုရှားအာကာသယာဉ်မှူး အော်လစ်နိုဗီစကီနှင့် ဒါရိုက်တာ ကလင်ရှီပန်ကာ။

### 2021 Jingle Ball Tour မှာ ပါဝင်ဖျော်ဖြေမယ့် BTS




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ဟာ ယခုနှစ်ရဲ့ Jingle Ball နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်မှာ ပါဝင်မှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ပြန်ခဲ့တယ်လို့ အောကေပေ့ါပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ နယ်လှည့်ဖျော်ဖြေပွဲအစီအစဉ်တွေကို ဦးဆောင်ပြုလုပ်မယ့် iHeartRadio က သူ့ရဲ့ တရားဝင်တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ယခုနှစ်အတွက် ဖျော်ဖြေပွဲပြုလုပ်မယ့် အစီအစဉ်တွေကို အောက်တိုဘာ ၁၈ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ ယခုနှစ်မှာ ဖျော်ဖြေမယ့် တေးသံရှင်တွေထဲမှာ BTS လည်း ပါဝင်နေတာ ဖြစ်ပါတယ်။

ယခုနှစ်အတွက် ဖျော်ဖြေပွဲအစီအစဉ်တွေကို လာမယ့် နိုဝင်ဘာ ၃၀ မှ ဒီဇင်ဘာ ၁၉ ရက်အထိ လော့စ်အိန်ဂျလိစ်၊ ချီကာဂို၊ မိုင်ယာမီ၊ ဝါရှင်တန်ဒီစီ စတဲ့ မြို့ကြီးတွေမှာ ပြုလုပ်မှာပါ။ BTS ကတော့ ဒီဇင်ဘာ ၃ ရက်မှာ လော့စ်အိန်ဂျလိစ်မှာ ပြုလုပ်မယ့် ဖျော်ဖြေပွဲမှာ Butter နဲ့ Dynamite တေးသီချင်းတွေနဲ့ ပါဝင်ဖျော်ဖြေမှာဖြစ်တယ်လို့ သိရပါတယ်။

### ကန်းရီဝက်စ်က သူ့ရဲ့အမည်ကို ရီသို့ တရားဝင်ပြောင်းလဲ



ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ကန်းရီဝက်စ်က သူ့ရဲ့အမည်ကို ရီလို့ တရားဝင်ပြောင်းလဲခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကန်းရီဝက်စ်က သူ့ရဲ့အခြားအမည်တစ်ခုဖြစ်တဲ့ ရီကို တရားဝင်အမည်အဖြစ် ပြောင်းလဲဖို့ အသနားခံစာတစ်စောင်ကို ပြီးခဲ့တဲ့လအတွင်းက တရားရုံးသို့ တင်ပြခဲ့တာဖြစ်ပြီး အောက်တိုဘာ ၁၈ ရက်မှာ လော့စ်အိန်ဂျလိစ်တရားရုံးမှ တရားသူကြီးတစ်ဦးက အတည်ပြုခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၄၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ရက်ပ်တေးသံရှင် ကန်းရီဝက်စ်ဟာ ဇနီးဖြစ်သူ ကင်ကာဒါးရှီးရန်းနဲ့ ယခုနှစ်စမှာ တရားဝင်ကွာရှင်းခဲ့တာပါ။ လတ်တလောမှာ အမည်ပြောင်းလဲရတာနဲ့ပတ်သက်ပြီး ကန်းရီဝက်စ်က ပုဂ္ဂိုလ်ရေးဆိုင်ရာ အကြောင်းတွေကြောင့် ယခုလို အမည်ပြောင်းလဲရခြင်းဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ကန်းရီဝက်စ်ဟာ ယခင်ကလည်း ရီဆိုတဲ့အမည်ကို သူ့ရဲ့တွစ်တာမှာ အချို့သော ကိစ္စရပ်တွေကို ဖြေရှင်းရာမှာ အသုံးပြုခဲ့ဖူးပြီး ၂၀၁၈ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ သူ့ရဲ့ တေးအယ်လ်ဘမ်ကို ရီလို့ အမည်ပေးခဲ့တာကိုလည်း တွေ့ရပါတယ်။

### ကြည့်ရှုနှုန်းမြင့်မားတဲ့ရုပ်ရှင်အဖြစ် အဆုံးသတ်ခဲ့တဲ့ Hometown Cha Cha Cha

တောင်ကိုရီးယားဇာတ်လမ်းတွဲ ရုပ်ရှင် Hometown Cha Cha Cha ဟာ ထုတ်လွှင့်ပြသနေစဉ်မှာ ကြည့်ရှုသူများပြားခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ခဲ့ပြီး အဆုံးသတ်ထိတိုင် ပရိသတ်တွေကို ဆွဲဆောင်နိုင်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုလို့ ဆိုနိုင်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲကို မကြာသေးမီက အပြီးသတ်ထုတ်လွှင့်ခဲ့ပြီး ဇာတ်သိမ်းပိုင်းထိတိုင် ကြည့်ရှုမှုနှုန်းမြင့်မားဆဲဖြစ်တာကို တွေ့ရပါတယ်။

အဆိုပါဇာတ်လမ်းတွဲရဲ့ ဇာတ်သိမ်းပိုင်းကို ထုတ်လွှင့်ခဲ့ရာမှာ ကြည့်ရှုသူ ၁၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ဒါဟာ အပြိုင်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲတွေအနက် ကြည့်ရှုမှုနှုန်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ယင်းဇာတ်လမ်းတွဲကို ပျော်စရာအဆုံးသတ်နဲ့ ဇာတ်သိမ်းခဲ့တာဖြစ်ပြီး ဇာတ်သိမ်းပိုင်းပြီးနောက် ရိုက်ကွင်းနောက်ကွယ်က ပုံရိပ်တွေကို ထုတ်လွှင့်ပြသခဲ့ပါတယ်။ အဆိုပါဗီဒီယိုမှာတော့ Hometown Cha Cha Cha အဖွဲ့သားတွေဟာ ဇာတ်လမ်းတွဲပြီးဆုံးခဲ့တာကြောင့် တစ်ဦးကိုတစ်ဦး နှုတ်ဆက်စကားဆိုခဲ့ကြတာကိုလည်း တွေ့ရပါတယ်။




### Seoul Drama Awards ဆုပေးပွဲမှာ သရုပ်ဆောင်ထူးချွန်ဆုတွေ ဆွတ်ခူးခဲ့တဲ့ ဆောင်းဂျွန်ကီနဲ့ ဆူဇီ

ယခုနှစ်အတွက် ပြုလုပ်ခဲ့တဲ့ Seoul Drama Awards ဆုပေးပွဲမှာ ကျော်ကြားတဲ့ တောင်ကိုရီးယား သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဆောင်းဂျွန်ကီနဲ့ မင်းသမီး ဆူဇီတို့ဟာ ထူးချွန်ဆုတွေအသီးသီး ဆွတ်ခူးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ နိုင်ငံတကာ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ Seoul Drama Awards ဆုပေးပွဲကို အောက်တိုဘာ ၂၁ ရက်က ဆိုးလ်မှာ ပြုလုပ်ခဲ့တာပါ။ ယခုနှစ်အတွက် ဆုပေးပွဲကိုတော့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုတွေကနေ ကာကွယ်နိုင်ဖို့အတွက် ပရိသတ်မပါဘဲ ပြုလုပ်ခဲ့တာပါ။ ဒါ့အပြင် အနုပညာရှင်တွေလည်း အခမ်းအနားကို အွန်လိုင်းကနေတစ်ဆင့် တက်ရောက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဆိုပါအခမ်းအနား ကျင်းပခဲ့ပုံတွေကို ယူကျူကနေတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့တယ်လို့လည်း သိရပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ Grand Prize ကို တောင်ကိုရီးယားရုပ်ရှင် Missing Child က ဆွတ်ခူးခဲ့ပါတယ်။ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကိုလည်း အဆိုပါ ရုပ်ရှင်ရဲ့ ခေါင်းဆောင်မင်းသား ပတ်ဟွတ်ကွမ်က ဆွတ်ခူးခဲ့ပြီး အကောင်းဆုံး အမျိုးသမီး သရုပ်ဆောင်ဆုကိုတော့ အမေရိကန်ရုပ်ရှင် The Great မှ မင်းသမီး အဲလီဖန်းနင်းက ဆွတ်ခူးခဲ့ပါတယ်။

Outstanding Korean Drama ဆုကို Start-Up ဇာတ်လမ်းတွဲရုပ်ရှင်က ရရှိခဲ့ပြီး ထူးချွန်အမျိုးသား သရုပ်ဆောင်ဆုကိုတော့ ဆောင်းဂျွန်ကီက ဆွတ်ခူးခဲ့ကာ ထူးချွန်အမျိုးသမီး သရုပ်ဆောင်ဆုကိုတော့ ဆူဇီက ရရှိခဲ့ကြောင်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် ဟရိစသဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးဝေါ်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

| [illegible] |
|---|
| [illegible] |

၃။ [illegible]

(က) [illegible]

(ခ) [illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦး တို့၏မိခင်ဖြစ်သူ ဒေါ်ညွန့်ရီ အသက် (၉၃)နှစ်သည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာကံဇော်-ဒေါက်တာနန္ဒာမွန်း**
**ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်**
**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမိသားစု**

## ဒေါ်ခင်စန်းမြင့်(ခ)မွေးမာ
## အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၅)၊ အခန်း(၅၀၁)၊ ယုဇန business tower ဓမ္မစေတီလမ်းနေ(ဦးလင်စောရီ-ဒေါ်ညွန့်မွေး) တို့၏ ချစ်လှစွာသောသမီးကြီး၊ ဦးမောင်မောင်၏ ချစ်လှစွာသော ဇနီး၊ ဦးတိုင်းကျော်၏ချစ်လှစွာသောညီမ၊ ဒေါ်မြမြသန်း(စိုးမိုးကာ)၊ ဦးအေးကို-ဒေါ်ခင်ဝင်းရွှေ (စိုးမိုးကာ)၊ ဦးစိန်မောင်-ဒေါ်မိုးသူဇာအောင်တို့၏ ချစ်လှစွာသောအစ်မ၊ သမီးကြီး မဇာခြည်နွေး၊ သားကြီး ကိုအောင်ဝင်းထွဋ်-မမီမီကျော်ဝင်း(ဝဿန်မိုးကာ)၊ သားလတ် ကိုအောင်မျိုးထွဋ်(ခ)အောငါ-မမြသီရိလွင်(ခ) ငုတ်ရီး(Media Storm Co.Ltd)၊သားငယ် ကိုအောင်မင်းထွဋ်တို့၏ ချစ်လှစွာသောမိခင်၊ မခင်ကိုကိုဆု၏ ချစ်လှစွာသော အဒေါ်၊ မြေးEthan Chen၊Ryam Chen၊William Chen၊ Charlotte Chen တို့၏ ချစ်လှစွာသောအဘွားသည် ၂၀.၁၀.၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၆:၃၂နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ကျန်ရစ်သူမိသားစုမှ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ကောင်းမွန်စွာပို့ဆောင်၍ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့ မိခင် ဒေါ်ညွန့်ရီ အသက် (၉၃) နှစ်သည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပင်စင်ဦးစီးဌာန**

### ဘုရား၊ ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ဆွေအေး (Pancy)
## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အမှတ်-၉(၃-A)၊ ရှမ်းကုန်းလမ်း၊ စမ်းချောင်းမြို့နယ်နေ(ဦးတင့်ဆွေ-ဒေါ်မြသန်း)တို့၏သမီး၊ (ဦးသန်းစိုး)၏ဇနီး၊ ဦးစိုးသူလွင်-ဒေါ်ခိုင်စပယ်ဖြူ၊ ဦးဇော်တေဇာကြည်-ဒေါ်ဆွေနှင်းလွင်၊ ဦးအောင်လွင်ဦး-ဒေါ်ဝေနှင်းလွင်၊ ဦးနိုင်သူလွင်-ဒေါ်ရွှမ်းမြမိုးတို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏အဘွား ဒေါ်ခင်ဆွေအေးသည် ၂၀-၁၀-၂၀၂၁ ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# သင့်
# သွေး
# ဖြင့်
# အသက်
# ကယ်ပါ

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများကျရောက် ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊
(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျပုံမှန်ဆောင်ရွက် ရန်၊
(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊
(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊
(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟုသံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာမွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊
(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်းမပြုရန်၊
(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျမြေမြှုပ်ဖျက်ဆီးရန်၊
(၈) တိရစ္ဆာန်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်၊
(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ(ဦးထွန်းဝင်း-ဒေါ်ကြင်မြိုင်) တို့သမီး၊ (ဦးဘတင်-ဒေါ်ခင်တင့်)တို့၏သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီး ခင်ဦး(ရေ) ငြိမ်း]၏ဇနီး၊ ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး စီမံ/ဘဏ္ဍာ)-ဒေါ်စုညွန့်ဦး၊ ဒေါ်ယုညွန့်ဦး၊ ဒေါ်ယဉ်ညွန့်ဦး၊ ဦးဇော်ညွန့်ဦး-ဒေါ်လှလှစိုး၊ ဦးကျော်ညွန့်ဦး-ဒေါ်ဆွေဆွေသန်းတို့၏မိခင်၊ ထူးထူးရှိန်ဦး-စန္ဒာ၊ ထက်ထက်ရှိန်ဦး၊ အောင်ဇေရှိန်ဦး၊ မင်းခန့်အောင်၊ အေးဆုမြတ်ဖြိုး၊ ဘုန်းထက်မင်းတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကိုယင်းနေ့ ညနေ ၃နာရီတွင် မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ညှိုးငယ်သော စိတ်ထားဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏မိခင် ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီးများနှင့် အရာထမ်း/အမှုထမ်း မိသားစုများ**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဒေါ်တင်ရီ
## အသက်(၈၈)နှစ်

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၁ လမ်းနှင့်၇၂ လမ်းကြား၊ ၃၁လမ်းနှင့်၃၂ လမ်းကြား၊ အမှတ်-၄၇/၁၂(ရွှေအရိပ်နေ) ဒေါ်ခင်ဆွေဦး အလယ်တန်းပြဆရာမ(ငြိမ်း)၊ ဒေါက်တာကျော်ထွန်း(ရှမ်းပြည်နယ်ဝန်ကြီးချုပ်)-ဇနီး ဒေါက်တာခင်ခင်ထူး (ပါမောက္ခဌာနမှူး-ငြိမ်း၊ သမိုင်းဌာန၊ မုံရွာတက္ကသိုလ်)၊ ဒေါ်တင့်တင့်ဝေ (အလယ်တန်းပြဆရာမ-ငြိမ်း)၊ ဒေါ်နွယ်နွယ်အုန်း၊ ဦးချစ်ကိုကို(ညွှန်ကြားရေးမှူး၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရခိုင်ပြည်နယ်)-ဇနီးဒေါ်သော်သော်ဇင်တို့၏မိခင်၊ မောင်အောင်ကောင်းမြတ်၊ မောင်ဘုန်းမြတ်ဟိန်းတို့၏ အဘွား ဒေါ်တင်ရီသည် ၂၀-၁၀-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်း ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦးတို့၏မိခင်ကြီးဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး**
**ဝန်ထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ယာဉ် ဒါယိကာမကြီး
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦး တို့၏ ကျေးဇူးရှင်မိခင်ကြီးသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ (ဦးထွန်းဝင်း-ဒေါ်ကြင်မြိုင်)တို့၏ သမီး၊ (ဦးဘတင်-ဒေါ်ခင်တင့်)တို့၏ သမီးချွေးမ၊ [ဒုတိယဗိုလ်မှူးကြီး ခင်ဦး(ရေ) (ငြိမ်း)]၏ ဇနီး၊ ဦးဝင်းရှိန်(ပြည်ထောင်စုဝန်ကြီး၊ စီမံ/ဘဏ္ဍာ)-ဒေါ်စုညွန့်ဦး၊ ဒေါ်ယုညွန့်ဦး၊ ဒေါ်ယဉ်ညွန့်ဦး၊ ဦးဇော်ညွန့်ဦး-ဒေါ်လှလှစိုး၊ ဦးကျော်ညွန့်ဦး-ဒေါ်ဆွေဆွေသန်းတို့၏ မိခင်၊ ထူးထူးရှိန်ဦး-စန္ဒာ၊ ထက်ထက်ရှိန်ဦး၊ အောင်ဇေရှိန်ဦး၊ မင်းခန့်အောင်၊ အေးဆုမြတ်ဖြိုး၊ ဘုန်းထက်မင်းတို့၏ အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးဖြစ်သူ ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ပြည်တွင်းအခွန်များဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## မောင်ဘုန်းလက်ရှန်း(ပိုးပိုး) (LL.B)
## အသက်(၂၉)နှစ်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့်တို့၏မြေး၊ ဗိုလ်မှူးချုပ် ဝင်းအောင် (ငြိမ်း)-ဒေါ်ဟေမာတို့၏သား၊ ဦးမင်းဇေယျာလှိုင်-ဒေါ်နွေနှောင်းခင်မောင်သန်းတို့၏တူ မောင်ဘုန်းလက်ရှန်း အသက်(၂၉)နှစ်သည် ၂၀-၁၀-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် တပ်မတော်အရိုးဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးသိန်းညွန့်**
**အဖွဲ့ဝင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်ဇော်
### ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန
## အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ (ဦးရင်လေး-ဒေါ်သန်းမြင့်)တို့၏သား၊ (ဦးလှကြည်-ဒေါ်ကံယုံ)တို့၏ သားသမက်၊ ဦးကျော်စွာလင်း-ဒေါ်တိုးတိုးဦး၊ ဒေါ်မြတ်သွယ်အောင်၊ မခိုင်နွယ်နီဇော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်သီသီမော်၏ချစ်လှစွာသော ခင်ပွန်းသည် ၁၉-၁၀-၂၀၂၁(အင်္ဂါနေ့) ညနေ ၅:၃၀ နာရီတွင် နေပြည်တော်ခုတင်(၁၀၀၀)ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၂၁ (စနေနေ့)မွန်းလွဲ ၁၂:၃၀ နာရီတွင် ကျွေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

ရိုသေလေးစားရပါသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦး တို့၏ မိခင်ကြီး ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ငွေတိုက်ဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦး တို့၏မိခင် ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းဝန်ထမ်းမိသားစုများ**
**အကောက်ခွန်ဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ညွန့်ရီ
## အသက်(၉၃)နှစ်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်-ဒေါ်စုညွန့်ဦး တို့၏မိခင် ဒေါ်ညွန့်ရီသည် ၂၁-၁၀-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းဝန်ထမ်းမိသားစုများ**
**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြေးမုံ ယနေ့ ဖတ်စရာ


**အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ သန်းတစ်ထောင်ထိုးနှံပေးမှု သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့**

စာမျက်နှာ » ၁၃

**ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးအဖြစ် အာစင်ဝင်းဂါးရဲ့ ချီးကျူးမှုခံခဲ့ရတဲ့ မိုဟာမက်ဆာလာ**

စာမျက်နှာ » ၂၅

**လကမ္ဘာနှင့် မားစ်ဂြိုဟ်တို့မှာ နောက်ထပ်ရိုက်ကူးမည့်နေရာ ဖြစ်လာနိုင်ကြောင်း ရုရှားအာကာသ ရုပ်ရှင်ဒါရိုက်တာ ပြောကြား**

စာမျက်နှာ » ၂၆




## စစ်တွေကမ်းခြေနှင့် ပွိုင့်အပန်းဖြေစခန်း၌ သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ခရီးသွားဧည့်သည်များဖြင့် စည်ကား

**စစ်တွေ အောက်တိုဘာ ၂၁**

ရခိုင်ပြည်နယ် စစ်တွေကမ်းခြေနှင့် ပွိုင့်အပန်းဖြေစခန်း၌ သီတင်းကျွတ်ကာလရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ အများအပြား လာရောက်လျက်ရှိကြောင်း သိရသည်။

စစ်တွေကမ်းခြေ၊ ပွိုင့်အပန်းဖြေစခန်း၏ သာယာလှပပုံကို ပြည်တွင်း ပြည်ပက ခရီးသွားများ စိတ်ဝင်စားကြပြီး တစ်ဆင့်စကားတစ်ဆင့်ကြား၍ လည်းကောင်း၊ ဖေ့စ်ဘွတ်ပေါ်တွင် တွေ့ရှိ၍ လည်းကောင်း သီတင်းကျွတ်ကာလရုံးပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများ အများအပြား လာရောက်လည်ပတ်လျက်ရှိကြောင်း ဒေသခံခရီးသွားဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးထံမှ သိရသည်။

ထို့ပြင် ခရီးသွားမိဘပြည်သူများ အေးချမ်းစွာ အနားယူနိုင်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



မြန်မာနှင့် ဂူအမ်အသင်း ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-MFF)

## အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲထပ်မံရယူ

**ရန်ကုန် အောက်တိုဘာ ၂၁**

၂၀၂၂ အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု (D) ဒုတိယနေ့ကို ကာဂျစ္စတန်နိုင်ငံတွင် အောက်တိုဘာ ၂၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာအမျိုးသမီးအသင်း ဂိုးပြတ်နိုင်ပွဲ ထပ်မံရယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ဂူအမ်အသင်းကို ရှစ်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူခဲ့ပြီး နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ❖

## ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို တစ်ကျော့တည်းသာ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် လာမည့်နှစ်တွင် ကျင်းပမည့် ၂၀၂၃ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲကို တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်သည်။

### တစ်ပတ်အတွင်း အပြီးကျင်းပမည်

တတိယအဆင့်ခြေစစ်ပွဲကို ယခင်က ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအတွင်း ကျင်းပရန်စီစဉ်ထားသော်လည်း ကပ်ရောဂါအခြေအနေကြောင့် ၂၀၂၂ ခုနှစ် ဇွန် ၈ ရက်မှ ၁၄ ရက်အတွင်း အပြီးကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်းခြေစစ်ပွဲကို ယခင်က အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကျင်းပရန် စီစဉ်ထားသော်လည်း တစ်ကျော့တည်းသာ ကျင်းပမည်ဖြစ်ကာ တစ်ပတ်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။

### ၂၄ သင်း ယှဉ်ပြိုင်မည်

တတိယအဆင့်ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ တတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာအသင်းအပါအဝင် အသင်းပေါင်း ၂၄ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

တတိယအဆင့်ခြေစစ်ပွဲတွင် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို မြန်မာအသင်းအပါအဝင် ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ **စာမျက်နှာ ၂၇ ကော်လံ ၁ သို့** ❂